၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.818, June 12, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## လွတ်လပ်တဲ့ တရားစီရင်ပိုင်ခွင့်ရှိဖို့ ဒေါ်အောင်ဆန်းစုကြည်ပြောဆို

**VOA ၊ ဇွန် ၇ ။** ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာဖို့ဆိုရင် လွတ်လပ်တဲ့ တရားစီရင်ပိုင်ခွင့်ရှိဖို့လိုအပ်တယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ ပြောဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ ဂျာမန်လူ့အခွင့်အရေး မူဝါဒနဲ့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကော်မရှင်နာမင်းကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံချိန်မှာ အခုလိုပြောဆိုခဲ့တာဖြစ်ပါတယ်။ အပြည့်အစုံကို ဆက်သွယ်မေးမြန်းထားတဲ့ မနန္ဒာချမ်းက တင်ပြပေးထားပါတယ်။

ဂျာမန် လူ့အခွင့်အရေးမူဝါဒနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာမင်းကြီး Markus Loning ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အ ပါအဝင် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ဦးဟန်သာမြင့်တို့နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာပဲ ဒီမနက်တွေ့ဆုံခဲ့ကြတာပါ။

အဲဒီလိုတွေ့ဆုံချိန်မှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေတွေနဲ့ ပတ်သက်လို့ မြန်မာအစိုးရတာဝန်ရှိသူတွေနဲ့နေပြည်တော်မှာ ဆွေးနွေးဖြစ်ခဲ့တဲ့အကြောင်း ဂျာမန်လူ့အခွင့်အရေးကော်မရှင်နာမင်းကြီး မားကပ်စ်က ပြောပြခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ဘက်ကလည်း မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေးအခြေအနေတွေ၊ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ ထွန်းကားတဲ့နိုင်ငံတော်သစ်ဆီကို ဦးတည်လျှောက်လှမ်းနေတဲ့ မြန်မာနိုင်ငံမှာ ဒီလိုလူ့အခွင့်အရေး အခြေအနေတွေ တိုးတက်ကောင်းမွန်လာစေဖို့ဆိုရင် လွတ်လပ်တဲ့ တရားစီရင်ပိုင်ခွင့်ရှိဖို့ လိုအပ်တဲ့အကြောင်း၊ ဒီကိစ္စကိုလည်း သမ္မတဦးသိန်းစိန်ဆီကို စာပေးပို့ခဲ့ကြောင်း ရှင်းပြခဲ့တယ်လို့ တွေ့ဆုံမှုမှာ ပါဝင်တဲ့ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောဆိုခဲ့ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် ရှင်းပြခဲ့တယ်။ ရှင်းပြခဲ့တာဘာလဲဆိုတော့ လူ့အခွင့်အရေးဆိုတဲ့နေရာမှာ အရေးအကြီးဆုံးက၊ အားလုံးကိုအချုပ်အကိုင် ဖြစ်နေတာက လွတ်လပ်တဲ့ တရားစီရင်မှုပဲ။ အဲဒီလိုလွတ်လပ်တဲ့ တရားစီရင်မှုတွေရနိုင်ဖို့နဲ့ ပတ်သက်ပြီးတော့ အဖွဲ့ချုပ်ကလည်းနိုင်ငံတော်သမ္မတဆီကို လိုအပ်တဲ့ အရေးကြီးတဲ့အချက်ကို တင်ပြခဲ့ဖူးတယ်။ အဲဒီလို တင်ပြခဲ့ပေမဲ့ ဘာမှ အကြောင်းပြန်လာတာ မရှိသေးဘူးဆိုတဲ့ကိစ္စ သူ့ကိုလည်းပြောပြခဲ့ပါတယ်။"

အခုလဆန်းပိုင်းကပဲ ဂျာမန်ဝန်ကြီးချုပ် Angela Merkel ကလည်း International Forum နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာအစိုးရအနေနဲ့ အာဆီယံဥက္ကဋ္ဌတာဝန် ယူခွင့်မရခင်မှာ လက်ရှိမြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးပြဿနာတွေကို တိုးတက်အောင် လုပ်ဆောင်ဖို့ တိုက်တွန်းခဲ့ပါသေးတယ်။ ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူလိုတဲ့ကိစ္စ သူ့အနေနဲ့ အတော်လေး စိုးရိမ်မိကြောင်းနဲ့ မြန်မာအစိုးရသစ် အနေနဲ့ လူ့အခွင့်အရေးတိုးတက်ဖို့နဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေကို ရှေ့ဆက်လုပ်ဆောင်ဖို့ကို အပြောရော အလုပ်နဲ့ပါ အလေးအနက်ထား သက်သေပြဖို့လိုတယ်လို့ ဂျာမန်ဝန်ကြီးချုပ်က တောင်းဆိုခဲ့ပါတယ်။

စာမျက်နှာ ၃ သို့

ကေအိုင်အိုနဲ့ သမတ ဦးသိန်းစိန်အစိုးရသစ် စစ်တပ်တွေ တိုက်ပွဲပြင်းထန် — စာမျက်နှာ ၃

ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါ လူ့အခွင့်အရေးဆု ချီးမြှင့်ပေးအပ် — စာမျက်နှာ ၅

နေပြည်တော်မှာ ဗုံးပေါက်ကွဲမှုကြောင့် ဒေသခံများစိုးရိမ် — စာမျက်နှာ ၁၀

မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာဈေး ဈောက်ထိုးကျ ဈေးနှုန်းမတည်မငြိမ် — စာမျက်နှာ ၁၂

ရွှမ်းရွှေ ပြောင်းလုပ်သားများကို မြေနေရာများမှ ထိုင်းအာဏာပိုင်ကဖယ်ရှားခိုင်း — စာမျက်နှာ ၁၅

သဘောထားကွဲလွဲမှုနှင့် လွတ်လပ်မှုအကြောင်း ဒေါ်စု ဘီဘီစီမှပြောမည် — စာမျက်နှာ ၁၈

## VOB အာဘော်

# ကောင်းမွန်သော အစိုးရတရပ်ဖြစ်လိုလျှင်

အစိုးရသစ်ကို အုပ်ချုပ်စနစ်ကောင်းမွန်သော အစိုးရကောင်းတရပ်ဖြစ်ရမည်၊ သန့်ရှင်းသော အစိုးရဖြစ်ရမည်ဟု သမတသစ် ဦးသိန်းစိန်မှ မိန့်ခွန်းတွင် ထည့်ပြောသွားပါသည်။ ကောင်းမွန်သောရည်ရွယ်ချက်ဖြစ်ပါတယ်။ သန့်ရှင်းသောအစိုးရတရပ်ဖြစ်ဖို့အတွက် အဂတိတရားကင်းရှင်းရမည်ဟုလည်း ဆိုပါသည်။

သမတသစ်၏တာထွက်မိန့်ခွန်းတွင် ဤကဲ့သို့ ပြည်သူလူထုကို ကတိစကားပြောကြားနေရုံနှင့်မပြီး ပါ။ တကယ်ကောင်းမွန်သောအစိုးရတရပ်ဖြစ်လိုပါက မိမိကိုယ်တိုင်က လက်တွေ့လုပ်ဆောင်ရပါလိမ့်မည်။ တိုင်းပြည်တွင်းဖြစ်ပျက်နေသော စီးပွားရေး လူမှုရေး ပညာရေး ကျန်းမာရေးအစရှိသည်တို့၏ အခြေအနေမှန်ကို သိရှိရပါမည်။ သို့မှသာလျှင် လွဲချော်မှားယွင်းနေမှုများ၊ ပျက်စီးယိုယွင်းနေမှုများ၊ လိုအပ်ချက်များကို သိရှိပြီး ပြုပြင်စရာရှိသည်များကို ပြုပြင်ရပါလိမ့်မည်။

စီးပွားရေးကဏ္ဍတွင် ပြည်သူလူထုကို လုပ်ကိုင်စားသောက်ခွင့်ကို ဥပဒေနှင့်အကာအကွယ်ပေးရပါမည်။ ကပ်ဖားရပ်ဖား စည်းလွတ်ဝါးလွတ် ခေတ်ပျက်သူဌေး လောဘသားများကို ဥပဒေကြောင်းအရ မှန်မှန်ကန်ကန်ဖြစ်ရေး ထိန်းကျောင်းရပါမည်။ နီးစပ်ရာ လက်သင့်ရာကို လုပ်ပိုင်ခွင့်ပေးတာမျိုးတွေကို တားဆီးရပါလိမ့်မည်။ အများပြည်သူပိုင်သည့် သဘာဝအရင်းအမြစ်များကို ထင်သလိုလုပ်ကိုင်အမြတ်ထုတ်နေသည့် သူများကို အရေးယူရပါလိမ့်မည်၊ ကျေးသားရင်သားမခွဲခြားသည့် ဥပဒေကို အကောင်အထည်ဖော်နေသည်ဟုဆိုလျှင် ဗိုလ်ချုပ် စစ်သား အရပ်သားအခွဲခြားပဲ ဥပဒေအရ အရေးယူရပါလိမ့်မည်။ လက်ရှိအစိုးရအတွင်း လွှန်လွှန်ကြူးကြူးလာဘ်စားခဲ့ကြသော စစ်ဗိုလ်ချုပ်တွေရှိနေပါသေးသည်။ သူတို့ကိုလည်း ဖယ်ရှားရပါလိမ့် မည်၊ သို့မှသာ ပြည်သူလူထုကြည်ညိုလေးစား အားထားရသောအစိုးရတရပ်ဖြစ်လာပါလိမ့်မည်။

ပညာရေး ကျန်းမာရေးကဏ္ဍများတွင်လည်း အကျင့်ခြစားမှုတွေ အများအပြားဖြစ်ပေါ်လျှက်ရှိနေသေးပါသည်။ ပညာသင်စရိတ်အဆမတန်ကောက်ခံမှုတွေကြောင့် ကျောင်းမတက်နိုင်သည့်ကလေးအများအပြားရှိနေပါသည်။ မရိုးသားသော ဆရာ ဆရာမသည် ကျောင်းအပ်ချိန်တွင် မလိုအပ်သော ငွေကြေးကောက်ခံမှုများပြုလုပ်နေသည်ကို တားဆီးရပါမည်။ လိုအပ်ပါက အရေးယူရပါလိမ့်မည်။ အဓိကအကြံပြုလိုသည်မှာ နိုင်ငံတော်မှ ပညာရေးအသုံးစရိတ်ကို ပြန်လည်စဉ်းစားတိုးမြှင့်ပေးစေလိုပါသည်။ လူသားအရင်းအမြစ်တွင် ပညာရေးရင်းနှီးမြှုပ်နှံမှုသည် အဓိကထားလုပ်ဆောင်ရမည်ဟု ယူဆသည်၊ ဖွံ့ဖြိုးတိုးတက်လိုလျှင် ပညာတတ်လူငယ်အများအပြားမွေးထုတ်ရပါမည်။ ကျန်းရေးကဏ္ဍတွင်လည်း ဆေးဝါးမလုံလောက်မှုကြောင့် မသေသင့်ပဲ အသက်ဆုံးရှုံးမှုတွေ နေ့စဉ်ဖြစ်ပေါ်နေပါသည်။

အစိုးရကောင်းတရပ်အနေဖြင့် ဤကဲ့သို့တိုင်းပြည်တွင်းဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို လက်တွေ့ကျကျသိရှိပြီး ပြုပြင်ထိန်းကျောင်းတည့်မတ်ပေးဖို့လိုပါသည်။ အစိုးရဌာနအသီးသီးအတွင်း အကျင့်ပျက်ခြစားမှုများ ကင်းရှင်းရေးလုပ်ဆောင်ပါမည်။ ပြည်သူလူထု၏ စားဝတ်နေရေးကို အတတ်နိုင်ဆုံးအဆင်ပြေစေရန် ကြိုးစားလုပ်ဆောင်ရမည်မှာ အစိုးရကောင်းတရပ်၏ အဓိကတာဝန်ဖြစ်သည်ဟုယုံကြည်သည်။

---

# မြေအောက်လျှို့ဝှက်ဥမင်လှိုဏ်အတွက် ဒေသခံတွေကို အဝမ့ခေါ်ယူခိုင်းစေ

**RFA ၊ ဂျွန် ၁၀ ။** ။ မကွေးတိုင်း နတ်မောက်မြို့နယ် ရွှေပန်းတောကျေးရွာကနေ နေပြည်တော်အထိဖောက်လုပ်နေတဲ့ မြေအောက်လျှို့ဝှက်ဥမင်လှိုင်ခေါင်းစီမံကိန်း အချောသတ်လုပ်ငန်းတွေအတွက် ဒေသခံကျေးရွာသားတွေကို တရက် ငွေ ၂၀၀၀ ကျပ်ပေးပြီး နေ့စားအလုပ်သမားတွေအဖြစ် စတင်ခေါ်ယူခိုင်းစေနေတယ်လို့ ဒေသခံတဦးကပြောပါတယ်။

လှိုင်ခေါင်းကိုရှင်းလင်းရတာဖြစ်ပြီး အတွင်းမှာ ကား ၂ စီး ၃ စီး သွားလာလို့ရကြောင်း သူကပြောပါတယ်။ အဲဒီစီမံကိန်းကို လွန်ခဲ့တဲ့ ၃ နှစ်လောက်က စတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး နယ်မြေခံစစ်တပ်တွေက လုံခြုံရေးအပြည့်ယူထားခဲ့တဲ့အပြင် စီမံကိန်းအနီးကို ဒေသခံတွေ ဖြတ်သန်းသွားလာခွင့်မရခဲ့ကြဘူးလို့သိရပါတယ်။

လောလောဆယ်အထိတော့ အခု ဝင်ရောက်လုပ်ကိုင်ခွင့်ရတဲ့ မြေအောက်လျှို့ဝှက်ဥမင်ထဲမှာ နျူကလီးယားနဲ့ တခြားလက်နက် ထုတ်လုပ်ရေးတို့နဲ့သက်ဆိုင်တဲ့ သံသယဖြစ်စရာအထောက်အထား တစုံတရာမတွေ့ရဘူးလို့ အလုပ်သမားတွေကပြောပါတယ်။

အဲဒီ မြေအောက်လှိုဏ်ခေါင်းစီမံကိန်းအတွက် မကြာခင်သေးက နေ့စားအလုပ်သမားတွေ စတင်ခေါ်ယူခဲ့တဲ့အတွက် ဆင်သေကန်၊ ရှမ်းကုန်းရွာ စတဲ့ အနီးတဝိုက်ကျေးရွာတွေက သွားရောက်အလုပ်လုပ်ကိုင်သူ ရာနဲ့ချီရှိတယ်လို့သိရပါတယ်။

လောလောဆယ် စီမံကိန်းတလျှောက်မှာ ရွာမွန်တပ်ရင်းအပါအဝင် ဒေသခံစစ်တပ်အတော်များများတပ်စွဲထားပါတယ်။

စီမံကိန်း စတင်အကောင်အထည်ဖော်ချိန်က မြောက်ကိုရီးယားလူမျိုးတချို့ဟာ မြန်မာစစ်တပ်ကအရာရှိတွေနဲ့အတူ စီမံကိန်းအနီးကျေးရွာတွေက စားသောက်ဆိုင်တွေကို ဝင်ထွက်ခဲ့ဖူးတာကြောင့် အဲဒီမြေအောက်ဥမင်ကို မြောက်ကိုရီးယားအကူအညီနဲ့ ဖောက်လုပ်ခဲ့တာဖြစ်နိုင်ကြောင်း ဒေသခံတချို့က ယူဆပြောဆိုကြပါတယ်။

# ကေအိုင်အိုနဲ့ သမတဦးသိန်းစိန်အစိုးရသစ် စစ်တပ်တွေ တိုက်ပွဲပြင်းထန်

**RFA | ၈၂၊ ၈ ။** ။ ကချင်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အိုနဲ့ မြန်မာအစိုးရတပ်တွေအကြား ဒီနေ့ ဇွန်လ ၉ ရက် မနက်စောစောက မိုးမောက်မြို့နယ်အတွင်းတိုက်ပွဲဖြစ်ပွားရာ ၂ ဖက် ထိခိုက်ကျဆုံးတာတွေရှိတယ်လို့သိရပါတယ်။

မိုးမောက်မြို့နယ် ဆန်ခါကျေးရွာမှာ အခြေစိုက်ထားတဲ့ ကေအိုင်အိုတပ်မဟာ ၃ လက်အောက်ခံတပ်ရင်း ၁၅ ရဲ့ ရှေ့တန်းစခန်းကို မြန်မာအစိုးရ ခလရ ၄၃၇ တပ်က ဝင်ရောက်ပစ်ခတ်ရာက တိုက်ပွဲဖြစ်ပွားတာလို့သိရပါတယ်။ ဒီအခြေအနေတွေနဲ့ ပတ်သက်လို့ တရုတ်-မြန်မာနယ်စပ် စစ်ရေးနိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇော ခုလိုပြောပြပါတယ်။

"မိုးမောက်ဘက်ကတက်လာလို့ရတဲ့လမ်းတွေ အဲဒီမှာ ရေအားလျှပ်စစ်တခုလည်းရှိတယ် ဖြစ်တဲ့ ဖြစ်တာက မနေ့က ညက ၄၃၇ က ထောက်လှမ်းရေးဗိုလ်ကြီးတယောက်နဲ့ တပ်ကြပ်တယောက်လားမသိဘူး။ အဲဒါကို ကေအိုင်အိုက မိလိုက်တယ်။ မိတော့ ဒီနေ့မနက်လာပြီး ဆွေးနွေးတယ်၊ လွှတ်ပေးဖို့ရာ သူတို့မလွှတ်တော့ ဟိုက စပစ်တာ ဗျူဟာမှူးလည်းပါတယ် တပ်ရင်း ၃ ရင်းလောက်ရှိတယ်မနက်ကတည်းကပစ်နေတာ ပွဲတော်တော်ပြင်းတယ် ကိုယ့်ဖက်ကတော့ဘာမှမရှိဘူး ဒဏ်ရာတော့နည်းနည်းပါးပါးရတယ်။ ရန်သူဖက်ကတော့ ၃ ယောက်ကျတယ်။ ဒဏ်ရာတွေလည်းရတယ်။ စဖြစ်တာ က ၄၃၇ နဲ့ဖြစ်တာ ၄၃၇ က စတက်လာကတည်းက ၁၀၀ နီး ပါးလောက်ရှိတယ်။ နောက်တရင်းက ၃၁၉၊ နောက် ထပ်လာတာက ၂၃၇၊ တိုက်ပွဲကွင်းထဲကို ၂၃၇ ရောက်မလာသေးဘူး အခုသူတို့ အမြောက်တွေပစ်ပြီးတော့ အလောင်းတွေဒဏ်ရာရတဲ့လူတွေကို တက်ဆွဲနေတယ်။"

အခု တိုက်ပွဲဖြစ်တဲ့နေရာဟာ တာပိန်ရေအားလျှပ်စစ်စီမံကိန်းနဲ့မဝေးသလို ကေအိုင်အိုထိန်းချုပ်ရာ လိုင်ဇာမြို့နဲ့ မိုင် ၆၀ လောက်ဝေးတယ်လို့သိရပါတယ်။ ဒီတိုက်ပွဲအကြောင်း အသေးစိတ်သိရှိဖို့ကေအိုင်အိုကိုဆက်သွယ်မေးမြန်းကြည့်တဲ့အခါ တိုက်ပွဲဖြစ်တာတော့ဟုတ်မှန်ကြောင်း အတည်ပြုပေးပေမဲ့ အသေးစိတ်ပြောဆိုခြင်း မရှိပါဘူး။

ကေအိုင်အိုနဲ့မြန်မာအစိုးရတပ်တွေအကြား ဒီနှစ်အတွင်းအခုတကြိမ်ပါနဲ့ဆို တိုက်ပွဲသုံးကြိမ်ရှိသွားပါပြီ။ လက်ရှိအခြေအနေမှာတော့ မြန်မာအစိုးရတပ်တွေဟာ ကေအိုင်အိုကိုထိုးစစ် ဆင်တာမျိုးမလုပ်သေးပဲ နည်းအမျိုးမျိုးနဲ့ရန်စ ခြိမ်းခြောက်နေတာဖြစ်တယ်လို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

"အဓိကက ရန်စတာနဲ့အခြေအနေကိုထောက်လှမ်းတာ၊ အပေါ်ကိုတော့ သတင်းတွေဘာတွေပို့မှာပေါ့ဗျာ သူတို့ အလုပ်လုပ်နေတယ်ဆိုတာ။ အခုလည်း တပ်ရင်တဘက်မှာ အဲလိုဖြစ်တာမနေ့က လူ ၄ ယောက်ပေါ့ဗမာတပ်က၊ လိုက်ဖမ်းတဲ့အခါကျတော့တယောက်ဖမ်းမိတယ် ၃ ယောက် ထွက်ပြေးတဲ့အခါကျတော့ ပြီးခဲ့တဲ့ ညနေကဖြစ်တာပဲ ပြဿနာက ဒါက ရန်စနည်းတမျိုးလေ သေနတ်နဲ့မတိုက်ပဲနဲ့ ရန်စနေတာ။ တဖက်သားက မခံနိုင်တဲ့အခါကျတော့ တိုက်ပွဲလေးတွေဖြစ်လာတာ၊ တိုက်ပွဲကြီးတွေမတိုက်နိုင်တဲ့အခါမှာ လူထုလည်း တစုံ တရာခြိမ်းခြောက်တဲ့သဘောလည်းပါတာပေါ့။ ချောဆွဲမယ်၊လမ်းတွေပိတ်မယ်၊ ဘာတွေပိတ်မယ်၊ အဓိက လူထုကို တုန်လှုပ်ခြောက်ခြားနေအောင် လှုပ်ရှားတဲ့သဘောပါတယ်။ ဒေသ ခံလူထု ကပြတ်သားတယ် ကေအိုင်အိုကိုထောက်ခံတယ်။ အဲဒီတော့ ကေအိုင်အိုကို မထောက်ခံတဲ့ သဘောတွေလည်းပါတယ်။"

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ ကေအိုင်အိုက မြန်မာအစိုးရဖိအားပေးခဲ့တဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ငြင်းဆန်ပြီးတဲ့နောက် နှစ်ဖက်ဆက်ဆံရေးအခြေအနေ တဖြည်းဖြည်း တင်းမာလာကာ အခုတိုက်ပွဲတွေဖြစ်တဲ့အခြေအနေထိ ဖြစ်လာတာပါ။ မြန်မာအစိုးရအနေနဲ့ ကေအိုင်အိုအပါအဝင် ရှမ်း၊ ဝ၊ ကရင်စတဲ့တခြားတိုင်းရင်းသားတွေနဲ့ နိုင်ငံရေးအရ မှန်မှန်ကန်ကန်ဖြေရှင်းမပေးသရွေ့ကတော့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်တွေ ဆက်ဖြစ်နေဦးမှာပဲလို့ နယ်စပ်လေ့လာသူတွေက ပြောကြပါတယ်။

---

**မျက်နှာဖုံးမှ**

တခါမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူ ဒဏ်ခတ်မှုတွေနဲ့ပတ်သက်လို့လည်း ဂျာမန်လူ့အခွင့်အရေးကော်မရှင်နာ မင်းကြီးကို အခုလိုပြောခဲ့ပါသေးတယ်။

"Sanction တွေ မရုပ်သိမ်းသင့်သေးဘူးလို့ အဲဒီလို တည့်တည့်ကြီး အဖြေပေးတာမျိုး မရှိဘူး။ Sanction ဟာ ဘာဖြစ်လို့ဖြစ်တယ်၊ ဘာတွေပြောင်းလဲမှု၊ ဘယ်လိုဆောင်ရွက်သင့်တယ်၊ ဘယ်လိုစဉ်းစားသင့်တယ်ဆိုတာကိုပဲ ဆွေးနွေးတာ။ ဒါက တချက်ပေါ့။ နောက်တခုက EU အဖွဲ့ထဲမှာ တချို့နိုင်ငံတွေက ပျော့တယ်တို့ ဘာတို့၊ ဒီလို ပြောကြတယ်ပေါ့။ သို့သော် ဒါဝေဖန်တာက အရေးမကြီးဘူး။ တကယ်တမ်း ထိရောက်တဲ့ Sanction ဖြစ်ဖို့လိုတယ်လို့ ကျနော်တို့ အဲဒီလို ပြောခဲ့ပါတယ်။"

ဒ့ါအပြင် မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၂၀ ကျော်ကြာ စစ်အုပ်ချုပ်မှုအောက်ကနေ အရပ်သားအစိုးရအုပ်ချုပ်မှုကို ပြောင်းလဲတာဟာ ကြီးမားတဲ့ အပြောင်းအလဲဖြစ်ပြီး ဒါပေမဲ့ အမှန်တကယ် အပြောင်းအလဲဖြစ်ဖို့ လိုအပ်ကြောင်းကိုလည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဂျာမန်လူ့အခွင့်အရေးကော်မရှင်နာမင်းကြီးကို ရှင်းပြခဲ့ကြောင်း အခုလိုဆက်ပြောခဲ့ပါတယ်။

"အစိုးရအပြောင်းအလဲဆိုတာက တကယ့် အပြောင်းအလဲဖြစ်သလားဆိုတာ သတိကြီးစွာနဲ့ စောင့်ကြည့်နေရတယ်။ အဲတော့အပြောင်း အလဲဆိုတာကိုလည်း၊ ကြီးမားတဲ့ အပြောင်းအလဲဆိုတာဒီနေ့မနက်ဖြန်မဖြစ်နိုင်ဘူးဆိုတာကိုလည်း ကျနော်တို့ သဘောပေါက်တယ်။ သို့သော် အမှန်တကယ် အပြောင်းအလဲ ဖြစ်ဖို့တော့လိုတယ်။ အမှန်တကယ် အပြောင်းအလဲဖြစ်မှသာ ရှေ့ မြန်မာနိုင်ငံရဲ့ အရေးတွေက တိုးတက်မှုရှိမယ်။ ဒါကို ဆွေးနွေးပါတယ်။"

ဒီကနေ့ တွေ့ဆုံမှုမှာ ပါဝင်တဲ့ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း ပြောပြခဲ့တာ ဖြစ်ပါတယ်။

# မြန်မာ့အရေး ကော်မရှင်ဖွဲ့ စုံစမ်းဖို့ UPR အဆင့်တခုဖြစ်နိုင်

**VOA ၊ ၁၂ ဇွန် ၇ ။** ။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီရဲ့ UPR ပုံမှန်သုံးသပ်မှု အစည်းအဝေးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အကြံပြုချက်တွေကို အစိုးရက ဘယ်လောက်အထိ လိုက်နာဆောင်ရွက်သလဲ ဆိုတဲ့ သုံးသပ်မှုကို မနက်ဖြန် ဂျီနီဗာ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူတွေ၊ ကျွမ်းကျင်သူတွေကတော့ မြန်မာအစိုးရ အနေနဲ့ လူ့အခွင့် အရေးကောင်စီအပါအဝင် ကုလသမဂ္ဂရဲ့ မြန်မာ့အရေးအကြံပြုချက်တွေကို အကောင်အထည်ဖော်လိုက်နာဖို့ ပျက်ကွက်နေဆဲဖြစ်တယ်လို့ မြင်ကြပါတယ်။ ဒါကြောင့်လည်း အခုသုံးသပ်မှုကတဆင့် မြန်မာအာဏာပိုင်တွေကို လူ့အခွင့်အရေးကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတကာက လက်တွေ့အရေးယူနိုင်မယ့် အခြေအနေဖြစ်လာဖို့ အဆင့်တဆင့်ဖြစ်လာနိုင်တယ်လို့ သုံးသပ်ကြပါတယ်။ အပြည့်အစုံကိုကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

လေးနှစ်တကြိမ် ကျင်းပတဲ့ UPR လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်မှုဟာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ခေါင်းစဉ်အောက်မှာ ပြုလုပ်တာဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်တွေ၊လူ့အခွင့်အရေးကျွမ်းကျင်သူတွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကိုပါပါဝင်ဆွေးနွေး အစီရင်ခံစာတင်ခွင့်ပြုထားပါတယ်။ အခုတကြိမ်ကျင်းပမယ့် မြန်မာနိုင်ငံကိစ္စကတော့ ပြီးခဲ့တဲ့ UPR အကြံပြုချက်တွေကို မြန်မာအစိုးရဘက်က ဘယ်လောက်လိုက်နာသလဲဆိုတာကို အနစ်ချုပ်သုံးသပ်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလုပ်ငန်းစဉ်ကနေ အစိုးရကို မဖြစ်မနေ လိုက်နာရမယ့် ဆုံးဖြတ်ချက်မျိုး ပေးနိုင်တာတော့ မဟုတ်ပါဘူး။ သုံးသပ်ချက် ဆိုတာနဲ့ မှတ်တမ်းထုတ်မှာပါ။ ဒါပေမဲ့လည်း ဒီလုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကို နိုင်ငံတကာ အာရုံစိုက်လာဖို့ အခြေအနေတရပ်ဖြစ်စေတယ်လို့ အခုအစည်းအဝေးကို တက်ရောက်ဖို့ ဂျီနီဗာမြို့ကို ရောက်ရှိနေတဲ့ ဒေါက်တာသောင်းထွန်းက ယူဆပါတယ်။ ဒီကနေပြီးတော့ မြန်မာ့ လူ့အခွင့်အရေးအခြေအနေ နိုင်ငံတကာက စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့ ကြိုးပမ်းနေမှုအပေါ်မှာ အထောက်အကူ ဖြစ်စေနိုင်တယ်လို့ သူက ယူဆပါတယ်။

"လာမယ့် စက်တင်ဘာ လူ့အခွင့်အရေးကောင်စီရှိတယ်။ အထွေထွေ ညီလာခံရှိတယ်။ အစည်းအဝေးတွေမှာ စုံစမ်းစစ်ဆေးရေးကော် မရှင် ဖွဲ့ရေးကိစ္စဟာ တဖြည်းဖြည်းနဲ့တော့ အရှိန်မြင့်လာတယ်။ ဒီ UPR Process ကလည်း အဲဒီ အရှိန်မြင့်တဲ့ နေရာမှာ အဆင့်တခုဖြစ်တယ်လို့ မြင်ပါတယ်။"

မြန်မာနိုင်ငံတွင်းက အခြေအနေဟာ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေသတွေကို ချိုးဖောက်မှု ရှိမရှိ စစ်ဆေးရေး ကုလသမဂ္ဂ စုံစမ်းရေး ကော်မရှင်တရပ်ဖွဲ့ဖို့ အဆိုကိုတော့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် Tomas Ojea Quintana) က ကုလသမဂ္ဂနဲ့နိုင်ငံတကာကို အဆိုပြုထားတာပါ။ အခု UPR လုပ်ငန်း စဉ်ကတော့ သူ့ရဲ့လုပ်ပိုင်ခွင့်နဲ့မတူ သီးခြားမြန်မာ့အရေးကိစ္စကိုင်တွယ်မှုဖြစ်တယ်လို့ မစ္စတာ ကင်တားနားက ပြောပါတယ်။

ဒါပေမဲ့ UPR လုပ်ငန်းစဉ်နဲ့ သူ့လုပ်ငန်းအကြားမှာ မြန်မာ့အရေးနဲ့ပတ်သက်လို့ တူညီတဲ့အကြံပြုချက်တွေရှိတယ်လို့ပြောပါတယ်။ အထူးသဖြင့်တော့ နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိ လွှတ်ပေးရေးကိစ္စကို ထောက်ပြပါတယ်။ ဒါပေမဲ့လည်း UPR လုပ်ငန်းစဉ်ဟာ အသစ်ဖြစ်လေတော့အကောင်အထည်ဖော်ရေးပိုင်းမှာ အားနည်းမှုတွေတော့ ရှိနိုင်တယ်လို့ မစ္စတာကင်တားနားက ယူဆပါတယ်။

"UPR လုပ်ငန်းစဉ် ဆိုတာဟာ လူ့အခွင့်အရေးကောင်စီရဲ့ လုပ်ငန်းဖော်ဆောင်မှုအသစ်ဖြစ်ပါတယ်။ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ ဒီလုပ်ငန်းဟာ တစုံတရာ အထောက်အကူဖြစ်မယ်လို့မျှော်လင့်ရပါတယ်။ UPR မှာ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ အနေနဲ့ နိုင်ငံအလိုက် နိုင်ငံတွင်း ဖြစ်နေတဲ့ လူ့အခွင့်အရေးအခြေအနေတွေ အားလုံးကို ကိုင်တွယ်စစ်ဆေးခွင့် ရလို့ပါပဲ။

"ဒါပေမဲ့ ဒီလုပ်ငန်းစဉ် တွေ့ရှိချက်တွေကို အကောင်အထည်ဖော်ရေး အပိုင်းမှာတော့ မေးခွန်းထုတ်စရာတွေရှိပါတယ်။ ဒါကြောင့် UPR လုပ်ငန်းစဉ်က တွေ့ရှိ အကြံပြုချက်တွေကို မြန်မာအစိုးရပိုင်းက ဘယ်လောက် အကောင်အထည်ဖော် လိုက်နာမလဲဆိုတာကို အနီးကပ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။"

မနက်ဖြန်လုပ်မယ့် UPR အစည်းအဝေးမှာတော့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနဲ့ UPR ရဲ့ အကြံပြုချက်တွေကို ဘယ်လောက် အကောင်အထည်ဖော် လိုက်နာသလဲဆိုတာကိုတော့ မြန်မာအစိုးရ ကိုယ်စားလှယ်က တုံ့ပြန်သွားဖို့ရှိပါတယ်။ လူ့အခွင့်အရေး လှုပ်ရှားသူတွေကတော့ မြန်မာအစိုးရဟာ ကုလသမဂ္ဂရဲ့ အကြံပြုချက်၊ တိုက်တွန်းချက်တွေကို လျစ်လျူပြုခဲ့တယ်လို့ ပြောပါတယ်။ မစ္စတာကင်တားနားကတော့ မြန်မာအစိုးရအနေနဲ့ တကယ်တမ်း အသေးစိတ်လုပ်ဆောင်စရာတွေ အများကြီးရှိနေတယ်လို့ မြင်ပါတယ်။

"မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး တိုးတက်လာဖို့၊ လူ့အခွင့်အရေး ခံစားခွင့်တွေရလာစေဖို့ မြန်မာအစိုးရအနေနဲ့ အသေးစိတ်အခိုင်အမာလုပ်ဆောင်စရာတွေရှိနေပါတယ်။ ဒါပေမဲ့လည်းလူ့အခွင့်အရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး ကိစ္စတွေကို ရည်ညွှန်းပြောဆိုသွားတဲ့ သမ္မတသစ်ရဲ့ ပထမဆုံးမိန့်ခွန်းပြောပြီး နောက်ပိုင်းမှာတော့အစိုးရအာဏာပိုင်တွေအနေနဲ့ ဒီအပြောအတိုင်း လိုက်ပါဆောင်ရွက်လာမယ်လို့တော့ မျှော်လင့်ထားပါတယ်။"

မြန်မာနိုင်ငံမှာအစိုးရသစ်ဖွဲ့ပြီးတဲ့နောက်နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ရေးအပါအဝင် လူ့အခွင့်အရေး အခြေအနေတွေပိုပြီးတိုးတက် ကောင်းမွန်လာလိမ့်မယ်လို့ နိုင်ငံတကာရော၊ ကျွမ်းကျင်သူတွေကပါ မျှော်လင့်ထားကြတာပါ။ ဒါပေမဲ့ လူ့အခွင့်အရေးလှုပ်ရှား သူတွေကတော့ မြန်မာအစိုးရကို လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှု အလွန်အားနည်းတယ်လို့ပြောပါတယ်။အထူးသဖြင့်တော့ အခုလူ့အခွင့်အရေး ကိုယ်စားလှယ်မစ္စတာကင်တားနားကို မြန်မာနိုင်ငံကို လာခွင့်မပေးတဲ့ ကိစ္စကို ထောက်ပြပါတယ်။

အခု UPR အစည်းအဝေးအတွင်းကိုမစ္စတာကင်တားနားအနေနဲ့ ကိုယ်တိုင်တက်ရောက်မှာ မဟုတ်ပေမဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို သူတင်ပြခဲ့တဲ့ အစီရင်ခံစာအကြံပြုချက်ကို UPR ဆွေး

စာမျက်နှာ ၅ သို့

# ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါ လူ့အခွင့်အရေးဆု ချီးမြှင့်ပေးအပ်

**RFA | ဇွန် ၇ ။** ။ ကနေဒါနိုင်ငံ Quebec ပြည်နယ်က The City of Saint-Luc လူ့ အခွင့်အရေးဆုကို ဒီနှစ်အတွက် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ပေးအပ်လိုက်ပါတယ်။

ကနေဒါနိုင်ငံ Quebec ပြည်နယ်က The City of Saint-Luc လူ့ အခွင့်အရေးဆုကို ၂၀၁၁ ခုနှစ် အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ပေးအပ်ကြောင်း City of Saint -Luc မြို့၏ အင်တာနက်စာမျက်နှာမှာခါတ်ပုံနဲ့တကွဖော်ပြထားပါတယ်။။

ကမ္ဘာနဲ့ အဝှမ်းက လူ့အခွင့်အရေး ကိစ္စရပ်တွေမှာ စွမ်းစွမ်းတမံဆောင်ရွက်သူတွေကို ရွေးချယ် ပေးအပ်တဲ့ ဒီဆုကို မြန်မာ ပြည်သူတွေအရေး အတွက် ကြိုးပမ်း ဆောင်ရွက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်လိုက်ကြောင်း Saint Luc မြို့ တော်ကောင်စီမှာ ဒီကနေ့ ကြေညာခဲ့တယ်လို့ ကနေဒါနိုင်ငံ မြန်မာမိတ်ဆွေများ အဖွဲ့ CFOB ရဲ့ အမှုဆောင် ညွှန်ကြားရေးမှူး ဦးတင်မောင်ထူးက ပြောပါတယ်။

ဒီဆုအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်ဖို့ တရားရေးဝန်ကြီးဟောင်း လက်ရှိလစ်ဘရယ်ပါတီရဲ့ လူ့ အခွင့်အရေးဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် Irwin Cotler က အဆိုပြုတင်သွင်းခဲ့ကြောင်း သိရပါတယ်။

Saint Luc မြို့တော်ဝန်က မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့လူ့အခွင့်အရေးတွေအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့နှစ်ပေါင်း ၂၀ ကျော်မကကြိုးစားရုန်းကန်မှုတွေ၊ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၈၉ ခုနှစ်မှာ နေအိမ် အကျယ်ချုပ်ချထားခဲ့တာတွေ၊ တိုင်းပြည်က ထွက်ခွာသွားမယ်ဆိုရင် အကျယ်ချုပ်က လွှတ်ပေးမယ်လို့ ကမ်းလှမ်းခဲ့ပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်ပြီး မြန်မာပြည်သူတွေ အရေးအတွက်ကြံ့ကြံ့ခံရပ်တည်ရင်ဆိုင်ခဲ့တာတွေကြောင့်အခုလိုချီးမြှင့်ပေးအပ်တာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အခုလို လူ့ အခွင့်အရေးကိစ္စကို နှစ်ပေါင်းများစွာ အားပေးတဲ့ မြို့ တမြို့ ကနေ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြု ချီးမြှင့်တဲ့အတွက် ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေနဲ့ အားတက် ဂုဏ်ယူရပါကြောင်းလည်း ဦးတင်မောင်ထူးက ပြောပါတယ်။

ဒီဆုကို ၂၀၀၀ ခုနှစ်က စတင်ချီးမြှင့် ပေးအပ်ခဲ့တာဖြစ်ပြီး ဆုအတွက် ဂုဏ်ပြုပွဲကို ကနေဒါနိုင်ငံ ထူထောင်တဲ့နေ့ ဖြစ်တဲ့ ဇူလိုင်လ ၁ ရက်နေ့ မှာ ပေးအပ်ချီးမြှင့်မှာ ဖြစ်ကြောင်း သိရပါတယ်။

အရင်က ဆုချီးမြှင့်ခံခဲ့ရသူ အတော်များများဟာ အမျိုးသမီးရေးတွေနဲ့ ကနေဒါ နိုင်ငံတွင်းက လူ့ အခွင့်အရေး ကိစ္စတွေအတွက် ကြိုးပမ်းခဲ့သူတွေ ဖြစ်ကြပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျာမဏီနိုင်ငံမှာ ဂျူးလူမျိုးတွေ အသတ်ခံရစဉ်က လူ ၁ သိန်းခန့် ကို ကယ်ထုတ်ခဲ့တဲ့ဆွီဒင် သံတမန်တစ်ဦးလည်း ဒီဆုချီးမြှင့် ခံခဲ့ရပါတယ်။

# ဗေဒါကျောင်း ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်း ဖိအားပေးမှုကြောင့် ဖျက်သိမ်းခံရ

**RFA | ဇွန် ၆ ။** ။ လူငယ်ကွန်ရက်အဖွဲ့က ရန်ကုန်မြို့ ဗေဒါကျောင်းမှာဖွင့်ဖို့စီစဉ်ထားတဲ့ နိုင်ငံရေး စီးပွားရေးနဲ့ ဖွံ့ဖြိုးမှုဆိုင်ရာသင်တန်းမှာ သင်တန်းပေးမဲ့ဆရာတွေဖြစ်တဲ့ ဒေါက်တာကျော်ရင်လှိုင်တို့ အဖွဲ့ကို အာဏာပိုင်တွေက အကြီးအကျယ်ဖိအားပေးတဲ့အတွက် အစီအစဉ်ဖျက်သိမ်းလိုက်ရတယ်လို့ သိရှိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ဗေဒါကျောင်းဦးဆောင်ကော်မတီဝင်တဦးဖြစ်တဲ့ ကိုမျိုးရန်နောင်သိမ်းက RFA ကို အခုလိုပြောပါတယ်။

"ဒေါက်တာကျော်ရင်လှိုင်နဲ့အဖွဲ့ဝင်တွေက ကျွန်တော်တို့ဆီမှာ မသင်ဖို့ အာဏာပိုင်တွေကဖိအားပေးတာ၊ ကျွန်တော်တို့က ဒီ အီးဂရက်စ်မှာသင်မဲ့ ဆရာ ၁၂ ယောက်က ကျွန်တော်တို့ဗေဒါမှာသင်မှာ၊ ဆရာ ၁၂ ယောက်သင်မယ်ဆိုပြီးတော့ ကျွန်တော်တို့ agreement ယူထားတယ်။ အဲဒီ agreement ကို ကျွန်တော်တို့ စနေနေ့ကမှ သူတို့ဖျက်လိုက်တယ်။ ဖျက်လိုက်တယ်ဆိုတာ အာဏာပိုင်တွေက သင်တာမကြိုက်ဖူးပေါ့။ အဲဒါနဲ့ ကျွန်တော်တို့ မသင်ဖြစ်တော့ဘူး။"

ဒီနေ့ ဇွန်လ ၆ ရက်ကစပြီး ၂၅ ရက်နေ့အထိ ဘာသာရပ်ပေါင်း ၁၂ ခုကို ဆရာ ၁၂ ယောက်က ပို့ချဖို့စီစဉ်ခဲ့တာပါ။ သင်တန်းဆရာတွေဖက်ကအစီအစဉ်ကို ဒေါက်တာကျော်ရင်လှိုင်က ဦးဆောင်ပြီး ပို့ချမဲ့ဆရာတွေထဲမှာ ပါမောက္ခ ရောဘတ်တေလာလို နိုင်ငံခြားသားဆရာ ပါသလို ဆရာ ဦးသီဟန် ဆရာ ဦးတင်မောင်မောင်သန်းတို့လည်း ပါဝင်တယ်လို့ဆိုပါတယ်။

ပို့ချမဲ့ဘာသာရပ်တွေကတော့ ဖွံ့ဖြိုးမှုဆိုင်ရာနိုင်ငံရေး ဘောဂဗေဒ၊ ဖွဲ့စည်းပုံအခြေခံဆိုင်ရာဥပဒေများ၊ ကောင်းမွန်တဲ့အစိုးရ၊ လူထုဆိုင်ရာမူဝါဒတွေကို နှိုင်းယှဉ်လေ့လာခြင်း၊ အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးစနစ်တွေအကြောင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာမနုဿဗေဒ၊ နိုင်ငံရေးဘောဂဗေဒ စတဲ့ ဘာသာရပ်တွေအပါအဝင် ဘာသာရပ် ၁၂ ခုသင်ကြားပေးဖို့ ဖြစ်ပါတယ်။

အာဏာပိုင်တွေဖိအားပေးလို့ ပို့ချမဲ့ အစီအစဉ်ဖျက်လိုက်ရတာနဲ့ပတ်သက်ပြီး ဒေါက်တာကျော်ရင်လှိုင်ကို RFA က ဆက်သွယ်မေးမြန်းတဲ့အခါမှာ တစုံတရာဖြေကြားဖို့ငြင်းဆန်သွားပါတယ်။ သူတို့အဖွဲ့ဟာ မြန်မာအီးဂရက်စ်အဖွဲ့က သင်တန်းမှာတော့ ပို့ချခွင့်ရနေပြီး ဒီကနေ့စမဲ့ လူငယ်ကွန်ရက်အဖွဲ့က အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတာပါ။

လာမဲ့ ဇွန်လ ၂၀ ရက်နေ့မှာလည်း ဒေါက်တာ ကျော်ရင်လှိုင်တို့အဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အခုလိုမျိုး သင်တန်းပေးဖို့စီစဉ်ထားပါတယ်။ ဒါပေမဲ့ အဲဒီသင်တန်းဖွင့်ဖြစ်မယ် မဖွင့်ဖြစ်ဘူးဆိုတဲ့အကြောင်းတော့မသိသေးဘူးလို့ စုံစမ်းသိရှိရပါတယ်။

**စာမျက်နှာ ၄ မှ**

နွေးပွဲမှာ ထည့်သွင်းသုံးသပ်ဖို့ ရှိမယ်လို့ သိရပါတယ်။ ဒါကြောင့်ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မြန်မာနိုင်ငံကိုသွားရောက် စစ်ဆေးနိုင်ရေးကိစ္စကိုလည်း UPR ရဲ့သုံးသပ် အကြံပြုချက်မှာထည့်သွင်းလိမ့်မယ်လို့ မစ္စတာကင်တားနားကတော့ မျှော်လင့်ထားပါတယ်။

# အင်းစိန်ထောင်တွင်း နှိပ်ကွပ်ဖို့ ရာဇဝတ်အကျဉ်းသားတွေကို အသုံးချနေ

**RFA | ဂျွန် ၆ ။** ။ အင်းစိန်ထောင်မှာထိန်းသိမ်းခံထားရတဲ့ သံဃာတော်တွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို နှိပ်ကွပ်ထိန်းချုပ်ဖို့ ရာဇဝတ်အကျဉ်းသားတွေကိုထောင်အာဏာပိုင်တွေကအသုံးချနေတယ်လို့ စုံစမ်းသိရှိရပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်တွေက ထောင်တွင်း အစာတော်ခံဆန္ဒပြခဲ့တဲ့ အရှင်ရေဝတကို ထောင်အာဏာပိုင်တွေရှေ့မှာတင် ရာဇဝတ် အကျဉ်းသားတဦးက ရိုက်နှက်ခဲ့တယ်လို့ ဖွန်လ ၅ ရက် မနေ့က ထောင်ဝင်စာသွားတွေ့ခဲ့တဲ့မိခင်ဖြစ်သူက ပြောပါတယ်။

"လူသတ်မှုနဲ့ကျလာတဲ့ လူကတဲ့ တယောက်ကိုရိုက်နေလို့မို့ မတရားပါဘူး၊ မရိုက်ပါနဲ့၊ အဲဒီလောက်ကြီး မရိုက်ပါနဲ့လို့ ပြောတာ၊ သူ့ကို ခင်ဗျားဘာဆိုင်လို့တုန်းဆိုပြီးတော့ ရိုက်တာတဲ့။ တုတ်နဲ့ရိုက်တာတဲ့။ သူ့ကိုရိုက်တဲ့နေ့တုန်းကတဲ့ ဝန်ထမ်း ၃ ယောက်ရှိတယ်တဲ့။ အဲဒါ ဝန်ထမ်း ၃ ယောက်ကလည်း ဘာမှမပြောဘူးတဲ့။ အခု ဟို ထောင်မှူးကိုတိုင်တော့ ထောင်မှူးက ဘာမှအရေးမယူဘူးတဲ့။"

ဦးရေဝတကလည်း သူ့ကို နိုင်ငံရေးအကျဉ်းသားအများစုထိန်းသိမ်းထားတဲ့အကျဉ်းတိုက်ခန်းထဲမှာထားဖို့အာဏာပိုင်တွေကိုတောင်းဆိုထားတယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။

နိုင်ငံရေးအကျဉ်းသားမိသားစု အထောက်အကူပြု ကွန်ရက်အဖွဲ့တာဝန်ခံ ကိုအောင်ဇော်ထွန်းကလည်း အကျဉ်းဆောင်တွေမှာ နိုင်ငံရေးအကျဉ်းသားတွေကိုထိန်းချုပ်ဖို့ ရာဇဝတ်သားတွေကို ထောင်အာဏာပိုင်တွေက တမင်သက်သက်အသုံးချနေတာဖြစ်တယ်လို့ ပြောပါတယ်။

"နိုင်ငံရေးအကျဉ်းသားတွေ ထောင်တွင်းဖြတ်သန်းနေရတဲ့ အခြေအနေက ကျွန်တော်ကိုယ်တိုင်လည်းဖြတ်သန်းခဲ့ဘူးပါတယ်။ အဲဒီလိုဖြတ်သန်းခဲ့ဘူးတဲ့အခြေအနေမှာ ဘာဖြစ်လဲဆိုတော့ အာဏာပိုင်တွေက တခါတခါကျရင် သူတို့ရဲ့လက်နဲ့ရိုက်မဲ့အစား တခြား သူတို့ထိန်းချုပ်ထားတဲ့ ရိုးရိုးပုဒ်မအကျဉ်းသားတွေကိုစည်းရုံးပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေကို နှိပ်ကွပ်တာမျိုးတွေရှိတယ်။ အဲဒါ ထောင်ရဲ့အုပ်ချုပ်ရေးနည်းနာထဲကတခုပေါ့လေ။"

"တခါတခါကျရင် အကျဉ်းသားအချင်းချင်းဆိုတဲ့ အခါမှာလည်း အကျဉ်းသားတွေရဲ့အလွှာစုံရှိနေတဲ့အပေါ်မှာအခွင့်ကောင်းယူပြီးတော့ တချို့ စရိုက်ကြမ်းတဲ့အကျဉ်းသားတချို့နဲ့ ၅-ည တွေကို ပြန်လည်ပြီးတော့ရိုက်နှက်ခိုင်းတာ၊ ဆဲဆိုကြိမ်းမောင်းပြီးတော့ ဖိနှိပ်ထားတာမျိုးတွေရှိပါတယ်။ ဒါက အကျဉ်းသားအချင်းချင်းဖြစ်တဲ့ ပြဿနာမဟုတ်ဖူး။ ဒီအကျဉ်းထောင်ရဲ့အုပ်ချုပ်ရေးပေါ်လစီတခုရဲ့မှားယွင်းမှုပဲ။အကျဉ်းသားကို အကျဉ်းသားနဲ့ ပြန်အုပ်ချုပ်ခိုင်းတဲ့ ပေါ်လစီပါ။"

အလားတူပဲ ဒီနှစ်ဆန်းပိုင်းလောက်က X20 သင်္ကြန်မဏ္ဍပ် ဗုံးပေါက်မှုမှာ ဓာတ်ပုံရိုက်လို့အဖမ်းခံရတဲ့ ကိုစည်သူဇေယျာနဲ့ အခြား နိုင်ငံရေးအကျဉ်းသားတချို့ကို ရာဇဝတ်သားတွေက ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့ပါတယ်။

---

# ကြပ်ပြေးအနီး ရထားပေါ်ဗုံးပေါက်ခွဲမှု ကေအန်ယူကို အာဏာပိုင်က စွပ်စွဲ

**DVB | ဂျွန် ၉ ။** ။ နေပြည်တော်အနီး ရထားပေါ်မှာ ခရီးသည်တွေ သေဆုံးဒဏ်ရာရတဲ့ ဗုံးဖောက်ခွဲမှုတရားခံကို ဖမ်းဆီးရမိပြီဖြစ်ပြီး ဒါဟာ ကေအန်ယူရဲ့ခိုင်းစေချက်ပါလို့ မြန်မာအစိုးရက သတင်းထုတ် ပြန်လိုက်ပါတယ်။

ကရင်အမျိုးသားအစည်းအရုံး(ကေအန်ယူ)ကတော့ ဒါဟာ သူတို့လက်ချက်မဟုတ်သလို သူတို့ခိုင်းစေချက်လည်း မဟုတ်ပါဘူးလို့ ပြောကြားပါတယ်။ အရင်လ ၁၈ ရက်တုန်းက နေပြည်တော်ဘူတာကြီးအလွန် ရန်ကုန်–မန္တလေး အဆန်ရထားပေါ်မှာ ဗုံးတလုံးပေါက်ကွဲလို့ ခရီးသည်နှစ်ဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရတယ်လို့ အစိုးရက သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဗုံးဖောက်ခွဲတဲ့ တရားခံဟာ ကရင်ပြည်နယ် သံတောင်မြို့နယ် လိပ်သိုရာဒို ကျေးရွာအုပ်စု ဒဝါလော်ချိုးရွာက ကျော်ဒီ(ခေါ်) မာရီနို ဖြစ်ပြီး ဖမ်းဆီးရမိထားပြီလို့ ကြာသပတေးနေ့ထုတ် အစိုးရသတင်းစာမှာ ဖော်ပြပါတယ်။

ဒီရွာသားဟာ ကေအန်ယူရဲ့ ခိုင်းစေချက်အရ ဗုံးဖောက်ခွဲခဲ့တာပါလို့ ဝန်ခံထွက်ဆိုတယ်လို့လည်းသတင်းမှာဖော်ပြထားပါတယ်။ဒီရွာသားဟာလွန်ခဲ့တဲ့သုံးနှစ်က ကေအန်ယူမှာ မိုင်းထောင်သင်တန်း နှစ်ပတ်ကြာတက်ရောက်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီနောက် ကေအန်ယူ တပ်မဟာ ၂ တပ်ရင်း ၅ က ခိုင်းစေချက်အရ ခုလို ဗုံးဖောက်ခွဲတာလို့ ဆိုပါတယ်။ မေလ ၁၈ ရက်မှာ ရထားတွဲအမှတ်သုံးပေါ်မှာ ဗုံးထောင်ခဲ့ပြီး ရထားပေါ်ကနေ ခုန်ဆင်းသွားတယ်ဆိုတဲ့ သူကို မေလ ၂၉ ရက်မှာ ဖမ်းဆီးရမိတယ်လို့ အစိုးရသတင်းက ဆိုပါတယ်။ အစိုးရသတင်းဖော်ပြချက်နဲ့ပတ်သက်လို့ ကေအန်ယူ ပြန်ကြားရေးတာဝန်ခံ ပဒိုစောလှငွေက အခုလို တုံ့ပြန်ပြောကြားပါတယ်။

"ကျနော်တို့ကတော့ ဗုံးသင်တန်းတွေ ပေးပြီးတော့ အတွင်းကို သွားဗုံးဖောက်ဖို့အတွက် ညွှန်ကြားထားတာမရှိဘူး။ အဲဒီအလုပ်ကို ကျနော်တို့ မလုပ်ဘူးလို့ပြောထားပြီးပြီ။ သူတို့ဖန်တီးပြီးတော့ လုပ်လို့ ရတာတွေအများကြီးရှိပါတယ်။ အဲဒီလိုပဲ သူတို့စွပ်စွဲပြီးတော့ သင်္ကြန်တွင်း ဗုံးဖောက်တဲ့ကိစ္စတွေတုန်းကလည်း ထိုနည်းလည်းကောင်းပဲ၊ မီရာတွေကိုဆွဲပြီးတော့ သူတို့ကတော့ ဒီလိုပဲ အတင်းဝန်ခံခိုင်းပြီးတော့ လုပ်နေကြတာပဲ။ အစဦးကတည်းက ကျနော်တို့ ငြင်းပယ်ပါတယ်။ ကျနော်တို့ မခိုင်းစေခဲ့ပါဘူး"။

ပဒိုစောလှငွေ ရည်ညွှန်းသွားတဲ့ သင်္ကြန်ဗုံးပေါက်မှုကတော့ မနှစ်က ရန်ကုန်သင်္ကြန်မဏ္ဍပ်ဗုံးပေါက်ကွဲမှုကြောင့် လူသေဆုံးမှုဖြစ်ပါတယ်။ အဲဒီတုန်းက လူ ၈ ဦး သေဆုံးပြီး ၁၇၀ ဒဏ်ရာရတယ်လို့ အစိုးရက ထုတ်ပြန်ခဲ့ပါတယ်။ ဗုံးပေါက်ကွဲမှုအတွက် အတိုက်အခံတွေကို စွပ်စွဲပြီး မသင်္ကာသူတွေကို ဖမ်းဆီးခဲ့ပေမယ့် စီရင်ချက်ချရာမှာတော့ ဗုံးပေါက်ကွဲမှုနဲ့မပတ်သက်တဲ့ ဥပဒေပုဒ်မတွေနဲ့ စီရင်ချက်ချခဲ့တာပါ။

---

## ရွှေပြည်သာ ပညာဒါနကျောင်း ဗလာစာအုပ်လှူဒါန်း

**RFA | ဂျွန် ၆ ။** ။ ၂၀၀၇ စက်တင်ဘာအကြမ်းမဖက် အမျိုးသားလုပ်ရှားသူလူငယ်တွေရဲ့ လူမှုပညာရေးအထောက်အကူပြု အစီအစဉ်တရပ်အနေနဲ့ ရွှေပြည်သာပညာဒါနကျောင်းမှာ ပညာသင်နေကြတဲ့ ကျောင်းသားလူငယ်တွေအတွက် ဗလာစာအုပ်လှူဒါန်းတဲ့ အခမ်းအနားကို မနေ့ကမနက်က အဲဒီရွှေပြည်သာ ပညာဒါနကျောင်းမှာပြုလုပ်ခဲ့တယ်လို့သိရပါတယ်။

ဒီအစီအစဉ်ကို ရွှေပြည်သာမြို့နယ် စည်းအဖွဲ့ဝင် ဦးသိန်းအောင်တာဝန်ယူပြီး အစီအစဉ်မှာဦးဆောင်ပါဝင်တဲ့ ကိုလူမော်လတ်က အခုလိုပြောပါတယ်။

**စာမျက်နှာ ၁၀ သို့**

# အဓမ္မလုပ်အားပေး ပပျောက်ရေး လုပ်ဆောင်ဖို့ မြန်မာအစိုးရနှေးကွေးဆဲ

**VOA ၊ ၁၂ ဇွန် ၆ ။** ။ ဂျီနီဗာမြို့မှာ ဇွန်လ ၁ ရက်နေ့ကနေ ၁၇ ရက်နေ့အထိကျင်းပနေတဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ရဲ့ အကြိမ် ၁၀၀ မြောက် အစည်းအဝေးမှာ မြန်မာ့အရေးနဲ့ ပတ်သက်ပြီး ဇွန်လ ၄ ရက်နေ့က အထူးအစည်းအဝေးတရပ် ကျင်းပခဲ့ပါတယ်။ ILO အစည်းအဝေး တက်ရောက်လာသူတွေက မြန်မာနိုင်ငံထဲမှာ အဓမ္မလုပ်အားပေးခိုင်းစေမှုတွေ ဆက်ရှိနေတာ၊ ကလေးစစ်သားဆက်ပြီး စုဆောင်းနေတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ အပြည့်အစုံကို ဘန်ကောက်ရောက် ဗွီအိုအေဝိုင်းတော်သူ ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

ကမ္ဘာ့အလုပ်သမား အဖွဲ့ချုပ် (ILO) ရဲ့ အကြိမ် ၁၀၀ မြောက် အစည်းအဝေးကို ဇွန်လ ၁ ရက်နေ့ကစပြီး ဆက်တိုက် ကျင်းပနေရာမှာ ၄ ရက်နေ့ကတော့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့အထူးအစည်းအဝေးတရပ်ကို ကျင်းပခဲ့ပါတယ်။ မြန်မာအစိုးရအနေနဲ့ ILO ကထုတ်ပြန်ထားတဲ့ ပဋိညာဉ်စာတမ်း အမှတ် ၂၉ နဲ့ ပတ်သက်ပြီး ဘယ်လောက်လိုက်နာမှုရှိတယ်ဆိုတဲ့ ဆန်းစစ်မှုတွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ ILO ဌာနေ ကိုယ်စားလှယ် Steve Mr.Marshall တင်သွင်းတဲ့ အစီရင်ခံစာပါအချက်အလက်တွေကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကစိတ်ဝင်တစားနဲ့ ဆွေးနွေးခဲ့ကြပါတယ်။

Mr.Marshall က မြန်မာနိုင်ငံအတွင်းမှာ ကလေးစစ်သား စုဆောင်းမှုတွေ အခုထိဆက်ပြီးရှိနေသေးကြောင်း၊ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုတွေကို ဆက်ပြီးရနေသေးသလို အဓမ္မလုပ်အားခိုင်းစေမှုပပျောက်ရေး သင်တန်းတွေပေးနေပေမဲ့ အကန့်အသတ်တွေများနေတယ်လို့ ပြောပါတယ်။

"မြန်မာအစိုးရနဲ့ ILO က လုပ်ဆောင်ရာမှာ အစိုးရဘက်က အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုပပျောက်ရေး ကြိုးပမ်းမှုအတွက် ပေါ်လစီတွေချမှတ်ထားတာရှိပေမဲ့ တိုးတက်မှုက နှေးကွေးနေတာကို တွေ့ရပါတယ်။ လူတွေက ဒီဥပဒေအကြောင်းကို ပိုပြီးနားလည်လာကြသလို ဒေသခံအာဏာပိုင်တွေကလည်း ဥပဒေချိုးဖောက်ရင်၊ မလိုက်နာရင် အရေးယူခံရမှာကို သဘောပေါက်ကြပါတယ်။ ဒါပေမဲ့ ILO က တိုက်တွန်းမှ လုပ်တာကို တွေ့ရပြီး ကိုယ့်အသိနဲ့ကိုယ် လုပ်ကိုင်တာမျိုး နည်းနေတာကို တွေ့ရပါတယ်။

"ဒါ့အပြင် အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုတွေနဲ့ ပတ်သက်ပြီး နီးနီးကြားကြားရှိဖို့ ဆောင်ရွက်ကြတဲ့ စုစုနွေးအပါအဝင်လှုပ်ရှားတဲ့သူ ၄ ယောက် အဖမ်းခံထားရဆဲကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ တံတားဆောက်၊ လမ်းဖောက်စတဲ့ လုပ်ငန်းတွေမှာ အဓမ္မလုပ်အားပေးခိုင်းစေမှုတွေ၊ ကလေးစစ်သား အသုံးပြုမှုတွေ စတာတွေပပျောက်ရေးအတွက် ထိထိရောက်ရောက် အရေးယူနိုင်ဖို့ လိုအပ်နေပါတယ်။"

ILO ဌာနေကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံတဝန်း ကိစ္စရပ်တွေကို ကိုင်တွယ်ရာမှာ မနိုင်မနင်းဖြစ်နေတာမို့ အကူအညီပေးနိုင်မယ့်သူ ထပ်ပြီးတိုးပေးဖို့ တောင်းဆိုထားတယ်လို့လည်း ဆိုပါတယ်။

ဒီအစည်းအဝေးမှာ ITUC နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်တဲ့ FTUB မြန်မာနိုင်ငံ အလုပ်သမားအဖွဲ့ချုပ်က ကိုယ်စားလှယ်တွေကလည်း မြန်မာနိုင်ငံတွင်း အဓမ္မလုပ်အားခိုင်းစေမှုတွေ အခုထိ ဆက်ပြီး ရှိနေသေးတာကို တင်ပြခဲ့တယ်လို့ FTUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က ပြောပါတယ်။

"ကျနော်တို့ တင်ပြတာက အဓမ္မလုပ်အားပေးမှုက နည်းတော့သွားတယ်၊ လုံးဝပပျောက်မှုမရှိသေးဘူး။ တိုင်းနဲ့ပြည်နယ်တွေမှာဖြစ်နေတဲ့ကိစ္စတွေက ဆက်လက်ပြီး ILO ဌာနေ ကိုယ်စားလှယ်ဆီကို အစီရင်ခံစာတွေ သွားထားတဲ့ ဆန်းစစ်နေတဲ့ ကိစ္စတွေရှိတဲ့အတွက် အဓမ္မလုပ်အားပေးဆိုတာ မပပျောက်သေးဘူးဆိုတဲ့ ကိစ္စကို ကျနော်တို့တင်ပြတယ်။

"ကလေးစစ်သား ၇၀ ကျော် အိမ်ကို ပြန်ပို့နိုင်တယ်လို့ ILO က ပြောထားတဲ့အတွက်ကြောင့် ကျနော်တို့က အဲဒါကိုပဲ ထောက်ပြပါတယ်။ ကလေးစစ်သား ၇၀ ကျော်ကို ဖမ်းခဲ့တယ်ဆိုတာသိပါတယ်။ ဒီ့အပြင် မိဘတွေက တိုင်ကြားထားတဲ့ တခြား Case တွေပေါ့၊ အဲဒါတွေက ရှိနေသေးတဲ့အတွက်ကြောင့် ကလေးစစ်သားခေါ်တဲ့ကိစ္စတွေ မပပျောက်သေးဘူး။ အဓမ္မလုပ်အားပေးကိစ္စတွေ မပပျောက်သေးဘူး။ ဒါကြောင့် ထပ်ဆင့်နားလည်မှုဆိုတာ ထိုးတာ ကောင်းတော့ကောင်းတယ်။ အဓိကကတော့ Commission of Enquiry သက္ကရာဇ် ၂၀၀၀ တုန်းကလုပ်ခဲ့တဲ့ စုံစမ်းရေးစစ်ဆေးရေး ကော်မရှင်ကပြောထားတဲ့ကိစ္စတွေကိုလုပ်ဖို့က အဓိကကျတယ်။ ဒါမှသာလျှင် အဓမ္မလုပ်အားပေးမှုပပျောက်မယ်ဆိုတဲ့ကိစ္စကို ကျနော်တို့ကတင်ပြခဲ့ပါတယ်။"

မြန်မာအစိုးရဘက်ကတော့ ရန်ကုန် ILO ရုံးခွဲနဲ့ ဆက်သွယ်ဆောင်ရွက်နေကြောင်းနဲ့အဓမ္မခိုင်းစေမှုတွေနည်းပါးသွားကြောင်းပြောကြားခဲ့တဲ့အပြင် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းက ပြောင်းလဲဖို့အတွက် ILO က ပြောကြားထားတဲ့ကိစ္စအတွက် ခေါက်ဆွဲထုပ် ပြုတ်စားသလို လွယ်မှာမဟုတ်ကြောင်း တင်ပြခဲ့တယ်လို့ ဆိုပါတယ်။

ILO ရဲ့ ညီလာခံတွေမှာ ပုံမှန်အားဖြင့် အစိုးရ ကိုယ်စားလှယ်၊ လုပ်ငန်းရှင်ကိုယ်စားလှယ်နဲ့ အလုပ်သမားကိုယ်စားလှယ်အဖြစ်အဖွဲ့ ၃ ဖွဲ့က တက်ရောက်ပြီး နိုင်ငံတခုချင်းစီရဲ့ အလုပ်သမားရေးကိစ္စတွေကို ဆွေးနွေးကြတာ ဖြစ်ပါတယ်။

အခု မြန်မာ့အရေး အထူးအစည်းအဝေးကိုတော့ အစိုးရအဖွဲ့ကိုယ်စားလှယ်၊ လုပ်ငန်းရှင်ကိုယ်စားလှယ်အဖြစ်နဲ့ ဒေါ်ခိုင်ခိုင်လွင် တက်ရောက်ခဲ့ပေမဲ့ အလုပ်သမားကိုယ်စားလှယ်တော့ စေလွှတ်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါဟာ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှုနဲ့ ပတ်သက်ပြီး ကန့်သတ်ချုပ်ချယ်မှုတွေ ရှိနေသေးတာကို ပြနေတယ်လို့ ဦးမောင်မောင်က ပြောပါတယ်။

"အလုပ်သမားကိုယ်စားလှယ် မပါလာဘူးဆိုတာ နိုင်ငံတခုရဲ့ အဖွဲ့အစည်းမှာ ဖွဲ့စည်းပုံမပြည့်ဘူးဆိုတာကိုတော့ ကျနော်တို့အနေနဲ့ ကန့်ကွက်စာ တင်ထားပါတယ်။ ဒါကတော့ ဒီအပတ်ထဲမှာ ဆွေးနွေးဖြစ်မှာပါ။"

လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းမှုဆိုင်ရာ အစည်းအဝေးကျင်းပတဲ့အခါ မြန်မာနိုင်ငံတွင်း အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရရေးအတွက် အထူးတောင်းဆိုသွားမယ်လို့ ဦးမောင်မောင်က ပြောပါတယ်။

**စာမျက်နှာ ၁၄ သို့**

# အစိုးရ မှတ်ပုံတင်မရှိသူများကို KIO က အသိအမှတ်ပြုကဒ်ပြားထုတ်ပေး

**RFA । ၈၂ ဇွန် ၇ ။** ။ ကေအိုင်အို ကချင်လွတ်မြောက်ရေး အဖွဲ့ချုပ်က သူတို့ထိမ်းချုပ်ရာ လိုင်ဇာ ၊ မိုင်ဂျာယန်နဲ့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာတွေမှာမြန်မာအစိုးရထုတ်ပေးတဲ့မှတ်ပုံတင်ကဒ်မရှိသူတွေကိုကေအိုင်အို အသိအမှတ်ပြုမှတ်ပုံတင်သဘောမျိုး သက်သေခံ အီးကဒ်ပြားတွေ အခု နှစ်ဆန်းပိုင်းက စတင်ပြီး ထုတ်ပေးနေတယ်လို့ သိရပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကေအိုင်အို အထွေထွေ အတွင်းရေးမှူး-၂ ဗိုလ်မှူးလနန်ကို ဆက်သွယ်မေးမြန်းတော့ သူက -

"မှတ်ပုံတင်ဆိုရင် အဓိပ္ပါယ်တမျိုးထင်သွားလိမ့်မယ်။ သက်သေခံကဒ်ပြားပေါ့လုပ်ပေးနေပါတယ်။ အဓိက ဦးတည်တာကတော့ကျနော်တို့ ကေအိုင်အိုအုပ်ချုပ်ရေးနယ်မြေမှာရှိတဲ့ လူထုတွေကို အဓိကထားပြီးတော့ လုပ်ပေးတာ ဒါလုပ်ဖို့ အစီအစဉ်ရှိတာတော့ကြာပါပြီ။ ဒါလက်တွေ့ အကောင်အထည်ဖေါ်တာက နှစ်စပိုင်းမှာပေါ့။ နယ်စပ်ဒေသမှာ ရှိတဲ့ရွာတွေကို ဦးစားပေးလုပ်နေတာ အဲဒါပြီးတဲ့အခါမှာ ရွာတွေကိုပြန်ပြီးတော့ ဆင်းဖို့ရှိတယ်။"

ကဒ်ထဲမှာ မွေးသက္ကရာဇ်အမည်၊ မိဘနံမည်နဲ့ ဓါတ်ပုံပါတဲ့ အီးကဒ်ပုံစံလုပ်ထားတာလို့ သိရပါတယ်။ အဲဒီကဒ်လုပ်ရင် မွေးဖွားရာဒေသ၊ လက်ရှိအလုပ်အကိုင်နဲ့ မိဘ ဘိုးဘွားစဉ်ဆက် မှတ်တမ်းတွေ ရှိဖို့လိုပြီး မြန်မာအစိုးရ မှတ်ပုံတင်လုပ်ပေးတဲ့ ပုံစံနဲ့အတူတူပဲလို့သူက ပြောပါတယ်။ အသက် ၁၂ နှစ်အရွယ်ကနေ စလုပ်ပေးပြီး အသက် ၁၈ နှစ် ပြည့်ရင် အသစ်ပြန်လဲဖို့ လုပ်ထားတယ်လို့လည်းသိရပြီး အီးကဒ်တစ် ခုလုပ်ဖို့အတွက် တရုတ်ငွေ ယွမ် ၃၀ မြန်မာငွေနဲ့ဆို ၄၀၀၀ ဝန်းကျင် လောက်ကုန်ကျမှာဖြစ်ပါတယ်။ ဘာ့ကြောင့် ပြည်သူလူထုကို အခုလို မျိုးကဒ်တွေ ထုတ်ပေးရတာလဲလို့ မေးမြန်းတဲ့အခါ-

"ကျနော်တို့နယ်စပ်ဒေသက လူထုတွေက သက်သေခံကဒ်ပြား မရတဲ့သူတွေ အများကြီးရှိတယ်။ နိုင်ငံတော်အစိုးရရဲ့ မှတ်ပုံတင်ကဒ်ပြားရဖို့ကလည်းမလွယ်ဖူးလေ။ အိမ်ထောင်စုစာရင်း မရှိတာတို့ နောက်ပြီးတော့ မှောင်ခိုနဲ့လုပ်မယ်ဆိုရင်တော့ ပိုက်ဆံသောင်းဂဏန်းပေးရတယ် အဲဒါမလုပ်နိုင်တဲ့ သူတွေက အများကြီးရှိတော့ လိုအပ်တဲ့ သက်သေခံအထောက်အထားဆိုတဲ့ စာရွက်စာတမ်း ဘာမှမရှိတဲ့လူတွေ အများကြီးဖြစ်နေတယ် အဲဒါကြောင့် ကျနော်တို့ ကေအိုင်အိုက အဲဒါ သူတို့အတွက် သက်သေခံကဒ်ပြား တစ်ခုရှိပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးတာပဲရှိတယ်။ "

ကဒ်လုပ်ပေးရမဲ့ လူဦးရေနဲ့ အိမ်ထောင်စု စာရင်းတွေကိုတော့ ကေ အိုင်အိုအုပ်ချုပ်ရေးဌာနက အရင်ကတည်းက အသေအချာမှတ်တမ်း လုပ်ထားတယ်လို့ သိရပါတယ်။ အဲဒီကဒ်ပြားဟာ တရုတ်နိုင်ငံ ကူမင်းမြို့အထိ သယ်ယူအသုံးပြုလို့ရတယ်လို့လည်း သတင်းထွက်တွေ ထွက်နေပါတယ်။ ဒါနဲ့ပတ်သက်လို့မဟုတ်ပါဘူးလို့ကေအိုင် အို အ ရာရှိက ငြင်းဆို ပြီး နိုင်ငံကြီးတခုအနေနဲ့ အဖွဲ့အစည်းကပေးတဲ့သက်သေခံကဒ်ပြားတစ် ခုကို အသိအမှတ်ပြုဖို့ဆိုတာခက်ခဲ နိုင်ပါတယ်။

ဒါပေမဲ့တရုတ်နိုင်ငံက ခွင့်ပြုရင်တော့ပိုကောင်းတာပေါ့လို့လဲသူကပြောပါတယ်။ ကေအိုင်အိုက သူတို့ထိမ်းချုပ်ရာ ဒေသခံလူထုတွေကို သက်သေခံကဒ်ပြားသတ်သတ်မှတ်မှတ်လုပ်နေတဲ့အတွက် မြန်မာအစိုးရနဲ့ ပြဿနာတက်မလာနိုင်ဘူးလားလို့ ဆက်လက်မေးမြန်းတဲ့အခါ သူက-

"ဒါတော့ ပြောလို့မရဘူး၊ အာမခံချက်တော့ ပေးလို့မရဘူး။ အခု ဒီလိုမျိုး ကာလမျိုးမှာဆိုရင် သူတို့ဘက်က အနှောက်အယှက် ပေးလာနိုင်တဲ့ အပိုင်းတော့ ရှိမယ်ထင်တယ်။ ဒါပေမဲ့ ကျနော်တို့ လူထုတွေကလဲ အဲဒီလောက်တော့ သိတဲ့အတွက်ကြောင့်မို့ အဲဒီကဒ်ကို ဟိုပြဒီပြလုပ်မယ်တော့ မထင်ဘူး၊ လုပ်ဖို့လဲမသင့်ဖူးလေ။ ကဒ်ပြားကို လိုက်ပြပြီးတော့ ကျနော်က လိုင်စာကဖြစ်တယ်။ မိုင်ဂျာယန်က ဖြစ်တယ် လိုက်ပြောရင်တော့ သူတို့ဖက်ကလဲ အပြစ်ရှာပြီးတော့ ဖမ်းလား ဆီးလားလဲ ဖြစ်နိုင်ပါတယ်။ "

အခုလို ကဒ်ပြားတွေကို ဗန်းမော် မြစ်ကြီးနား အပါအဝင် ကချင်ပြည်နယ်အတွင်းက လူထု လိုချင်တယ်ဆိုရင် ကေအိုင်အိုအနေနဲ့ လိုအပ်တဲ့ အချက်အလက်ဖြည့်စွက်ပြီး အချိန်တိုတိုအတွင်း လုပ်ပေးဖို့ အစီအစဉ် ရှိတယ်လို့ သူကပြောပါတယ်။

---

# တရားသူကြီးအမိန့်နဲ့ဆိုင်ခန်းဖျက်ဆီး

**DVB । ၈၂ ဇွန် ၉ ။** ။ မိတ္ထီလာမြို့က တရားသူကြီးဟာ ငွေးတောက်ကုန်း ကျေးရွာ ပေါက်မှာ စည်ပင်သာယာကို အခွန်ဆောင်ပြီး အအေးဆိုင်ဖွင့်ထားတဲ့ ဆိုင်ခန်းကို အမိန့်ထုတ်ဖယ်ရှားပြီး ဖျက်ဆီးပစ်လိုက်ပါတယ်။

တပ်ရင်းမှူးကို ရောင်းချဖို့ဆိုပြီး အခုလ ၃ ရက်နေ့မှာ လာရောက်ဖျက်ဆီးသွားတာလို့ ဖျက်ဆီးခံရတဲ့ ဆိုင်ရှင်ဘက်က မကျေနပ်တဲ့ ဒေသခံဒေခင်စိန်က ပြောပါတယ်။

"ဇွန်လ ၃ ရက်နေ့ ၁၁ နာရီအချိန်မှာ ဖြစ်ပါတယ်။ ရဲ ၇ ယောက် ပါပါတယ်၊ တရားရုံးက ၃ ယောက်ပါပါတယ်။ မြို့ရွာ အုပ်ချုပ်ရေးမှူး ကိုကျော်ဝင်း ပါတယ်။ ပြီးတော့ ကိုမောင်မောင်၊ မသန်းငွေးက သူတို့အလုပ်သမား ၆ ယောက်ပါပါတယ်။ တရားသူကြီးမဝါဝါရဲ့ အမိန့်ဆိုပြီးတော့ သူတို့ဖျက်ဆီးသွားတာပါ။ပစ္စည်းတွေတော့ဘာမှပြန်လုပ်လို့မရတော့ဘူးလေပျက်စီးကုန်တာပေါ့။ ၉၆၇ ဆောက်လုပ်ရေးတပ်က တပ်ရင်းမှူးကို ရောင်းလိုက်တာမို့လို့ပါတဲ့။ တပ်ရင်းမှူးရဲ့ အမိန့်နဲ့လို့ပြောတယ်။ ဒါပေမယ့် သူတို့ နာမည်သုံးတာပဲ ဖြစ်နိုင်တယ်။ မသန်းငွေးနဲ့ ကိုမောင်မောင်က ချမ်းသာတယ်လေ"။

မသန်းငွေးနဲ့ ကိုမောင်မောင်တို့ ဇနီးမောင်နှံဟာ ဒီဆိုင်ခန်းလေးရလိုမှုနဲ့ဆိုင်ရှင်ဦးညိုတို့နဲ့တရားရင်ဆိုင်ရာမှာ ရှုံးနိမ့်ခဲ့သူဖြစ်ပါတယ်။ ဖျက်ဆီးခံခဲ့ရတဲ့ ခြောက်ပေရှစ်ပေ ပတ်လည်ရှိတဲ့ ဒီဆိုင်ခန်းလေးမှာ ဦးညိုတို့ သားအဖသုံးဦး ဈေးရောင်းစားနေတာဖြစ်ပြီး မိတ္ထီလာတရားရုံးရောက် အမှုရင်ဆိုင်ရာမှာဦးညိုတို့ကို အနိုင်ပေးခဲ့ပါတယ်။ အခုအခါ ဆိုင်ခန်းကိုဖျက်ဆီးပြီး ပစ္စည်းတွေကို လမ်းဘေးမှာ ပုံထားတယ်လို့ဆိုပါတယ်။ တရားသူကြီးရဲ့။ ဒီဆောင်ရွက်ချက်နဲ့ ပတ်သက်လို့ ဦးညိုတို့ဘက်ကနေ မခံမရပ်ဖြစ်တဲ့ ဒေသခံဒေါ်ခင်စိန်က အခုလို ပြောပါတယ်။

"ဒီမိတ္ထီလာမှာ တရားသူကြီးမတွေကလည်း သူတို့က ဘယ်လိုခေါ်မလဲ ဆိုတော့ တရားရုံးမဟုတ်တော့ဘူး၊ တရားရုံးနဲ့ မတူတော့ဘူး လေလံရုံးကြီးဖြစ်နေတာ။ မိတ္ထီလာမှာက တရားရုံးက ငွေပေးရင် အကုန်လုပ်တာ။ အမှုမှန်ပေမယ့် တရားခံအစစ်အမှန်ကို ငွေပေးရင် အကုန်လွှတ်ပစ်တာ။ အဲဒီတော့ တရားရုံးရဲ့အမိန့်နဲ့ လွှတ်ပါတယ်တဲ့ အာဏာပိုင်အဖွဲ့အစည်းမပါဘူး ဒီတပတ်က"။

ဒီဆိုင်ခန်းဟာ ကာလပေါက်ဈေး ခုနှစ်သိန်းဝန်းကျင်လောက်တန်နေတာဖြစ်ပြီး အခုဖယ်ပေးလိုက်ရတဲ့ ဦးညိုတို့သားအဖသုံးဦးဟာ ဆိုင်ခန်းနေရာ လက်မဲ့ဖြစ်ပြီး လမ်းလေးတနေရာမှာ ကွမ်းယာဆိုင်လေးဖွင့်လှစ်နေပါတယ်။




**ဂျွန် ၆။** The Independent ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် လွတ်မြောက်နေသော်လည်း အန္တရာယ်များမှဘေးမသီရန်မခကင်းရှင်းစွာနေနိုင်မည်လော။
**ဂျွန် ၆။** BKK ။ ။ မြန်မာတွင် အဓမ္မလုပ်အားခိုင်းစေမှုသိသာစွာတိုးများလာကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO မှဆို၏။
**ဂျွန် ၇။** Irrawaddy ။ ။ တံငါ ၃၀၀၀ ကျော်ပျောက်ဆုံးသေဆုံးခဲ့သည့် မတ်လမုန်တိုင်းကြောင့် ဧရာဝတီတိုင်းမှ ဒုက္ခသည်များ အကူအညီမရသလောက်ဖြစ်ကြောင်း။
**ဂျွန် ၇။** Irrawaddy ။ ။ လခမြင့်မြင့်ပေးသည့်လုပ်ငန်းများကြောင့် လခနည်းအလုပ်ရုံမှလုပ်သားများဆန္ဒပြနိုင်၍ ထိုလုပ်ငန်းရှင်များအား အစိုးရအားတင်ပြမည်ဟု မြန်မာကုန်သွယ်ရေးနှင့်လုပ်ငန်းများအဖွဲ့ UMFCCI မှဆို၏။
**ဂျွန် ၇။** Mizzima ။ ။ ဂျူလိုင် ၁ ရက်နေ့တွင် ကနေဒါရှိ Cote Saint-Luc သည် ဒေါ်အောင်ဆန်းစုကြည်အား လူ့အခွင့်အရေးဆု (အဝေးရောက်)ချီးမြှင့်မည်
**ဂျွန် ၇။** DVB ။ ။ အမတ်နေရာလွတ်များရှိနေ၍ အင်ဒီအက်ဖ် စသည့် ပါတီ ၁၁ ခုသည် ကြံ့ဖွံ့အားတန်ပြန်ရန် ပုံမှန်ညှိနှိုင်းဆွေးနွေးမည်ဆို၏။
**ဂျွန် ၈။** AP ။ ။ မြန်မာကျပ်ဈေးတက်မှုကြောင့် မြန်မာတွင် စီးပွားရေးကျပ်တီးမှုပိုဆိုးနေ၏။
**ဂျွန် ၈။** Morning Star ။ ။ GMB သမဂ္ဂအဖွဲ့ဝင်များသည် ကိုလံဘီယာ၊ မြန်မာ၊ အရှေ့အလယ်ပိုင်းတို့ရှိ လုပ်သားပြည်သူလူထု၏ ဒီမိုကရေစီအခွင့်အရေးကြိုးပမ်းမှုတွင် လက်တွဲအားပေးမည်ဟုဆို၏။
**ဂျွန်၈။** Mizzima ။ ။ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်အပေါ်စိုးရိမ်ကြောင်း မြန်မာဆိုင်ရာအမေရိကန်သံအမှုထမ်းဟောင်း Patricia Clapp မှဆို၏။
**ဂျွန် ၈။** Mizzima ။ ။ မျက်နှာဖုံးစွပ်အဖွဲ့မှ လက်ပစ်ဗုံးများပစ်ခတ်ပြီးနောက် တရက်တွင် အာဏာပိုင်များသည် ဒေသခံများအား အကာအကွယ်အဖြစ်သုံးခြင်း၊ အဓမ္မလုပ်အားသုံးခြင်းများပြုနေ၏။
**ဂျွန် ၈။** DVB ။ နအဖ တပ်မှပစ်သောဗုံးကြည်များသည် မိမိတို့တပ်သားများအား မူးယစ်အော့အံစေ၍ ဓာတုပစ္စည်းများပါနိုင်ကြောင်း ရှမ်းပြည်နယ်တပ်မှဆို၏။
**ဂျွန် ၈။** RFA ။ ။ လှိုင်သာယာစက်မှုဇုန် ၄ တေလာဂါးမဲန့်စက်ရုံမှလုပ်သားများ ဂျွန် ၅ မှစ၍ လစာတိုးရေးဆန္ဒပြနေ၏။
**ဂျွန် ၈။** GENEVA ။ ။ မြန်မာ၏လူ့အခွင့်အရေးအခြေအနေများကို ကုလသမဂ္ဂမှ စုံစမ်းရေးကော်မရှင်ဖွဲ့၍ စစ်သင့်ပြီဟု AI, HRW စသည့် လူထုအခြေပြုအဖွဲ့အစည်းများမှ ကုလလူ့အခွင့်အရေးကောင်စီတွင် ယနေ့တင်ပြ၏။
**ဂျွန် ၉။** AP ။ ။ ယခင်လ ခရီးသည်တင်ရထား မိုင်းထိမှုတွင် အာဏာပိုင်များသည် ကရင်သူပုန်များအပေါ်လက်ချက်ဟုဆို၏။
**ဂျွန်၉။** AP ။ ။ မြန်မာတွင် ရင်းနှီးမည်ဟု ၂၀၁၀ အတွင်း တရုတ်မှဆိုခဲ့သော ငွေကြေးပမာဏသည် ဒေါ်လာ၂၀ ဘီလီယံရရှိ၏။
**ဂျွန် ၉။** Asian Correspondent ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ခရီးစဉ်တွင် သူမအား စစ်အစိုးရ၏မြန်မာရုပ်သေအစိုးရသည် ထိခိုက်အနာတရလုပ်လျှင် အကျိုးမရှိဘဲ တန်ပြန်အကျိုးယုတ်ဖွယ်သာမြင်ကြောင်း Jame Wade မှသတင်းဝေဖန်၏။
**ဂျွန် ၉။** Georgia Straight ။ ။ စာရေးဆရာ Alan Clements အပါအဝင် ကနေဒါ၏ ဘန်ကူးဗားရှိလူအချို့သည် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့နှင့် သူမ၏မြန်မာတခွင်ခရီးနှင်မည့်အစီအစဉ်ကို ရှေ့ရှု၍ လှုပ်ရှားမှုများပြုလုပ်မည်။
**ဂျွန် ၉။** DVB ။ ။ ထိုင်းအာဏာပိုင်များသည် ချင်းမိုင်ရှိ ရှမ်းရွှေ့ပြောင်းလုပ်သားများအား ဝယ်ထားသောနေရာများမှ ဖယ်ရှားစေခဲ့ကြောင်း။
**ဂျွန် ၉။** RFA ။ ။ ရွှေပန်းတောကျေးရွာမှနေပြည်တော်အထိ လျှို့ဝှက်ဥမင်လိုဏ်ခေါင်းအပြီးသတ်ရန် နေ့စာလုပ်သားများကို တနေ့ကျပ်၂၀၀၀ ဖြင့်ငှားနေ၏။
**ဂျွန် ၉။** DVB ။ ။ ဂျွန် ၂၀ မှ ၂၈ အထိဖွင့်မည့် နိုင်ငံရေးသိပ္ပံသင်တန်းအား ရက်ရွှေ့လိုက်ရကြောင်း။
**ဂျွန် ၉။** RFA ။ ။ ရေနက်ထားဝယ်ဆိပ်ကမ်းစီမံကိန်းကြောင့် လူတသောင်းခန့်အိုးအိမ်ရွှေ့ခိုင်းခံရမည်ဟုဆိုသော်လည်း လူ့အခွင့်အရေးအဖွဲ့များအရ ထို ထက် ၂ ဆခန့်ရှိကြောင်း။
**ဂျွန် ၉။** RFA ။ ။ မြန်မာတွင် အရပ်သားအစိုးရသို့ အသွင်ပြောင်းစစ်အဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စီးပွားရေး၏ လူမှုရေးအကျပ်အတည်းများ ပြောင်းလဲမှုမရှိဟု ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းမှ ယမန်နေ့ကဆို၏။
**ဂျွန် ၉။** RFA ။ ။ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်း ဒေသခံတောင်သူများပိုင် မြေများကို ယုဇနကုမ္ပဏီမှ သိမ်းယူခဲ့မှုအတွက် ဂျွန် ၉ တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးဌာန ၉ ခုသို့စာရေးတိုင်တင်ပြ၏။
**ဂျွန် ၁၀။** RFA ။ ။ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြင့် ကြံ့ဖွံ့ပါတီ၏တရားစွဲခြင်းခံရသူ NDF အမတ်ဒေါက်တာမြတ်ဉာဏစိုးသည် အမှုနိုင်ခဲ့၏။
**ဂျွန် ၁၀။** RFA ။ ။ မကြာခင်က နေပြည်တော်အနီး ရထားမိုင်းထိမှုသည် မြန်မာအစိုးရစွပ်စွဲသလို KNU ၏လက်ချက်မဟုတ်ကြောင်း KNU မှငြင်း ဆို၏။
**ဂျွန် ၁၀။** DVB ။ ။ သာယာဝတီလယ်သမားများ ကျပ်သိန်းထောင်ချီ၍ အလွဲသုံးစားအလုပ်ခံရကြောင်း။
**ဂျွန် ၁၀။** DVB ။ ။ ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ ( မြန်မာအမျိုးသမီးများနေ့ ) အထိမ်းအမှတ်ဂီတပွဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်စတင်၏။
**ဂျွန် ၁၀။** DVB ။ ။ ယမန်နေ့တိုက်ပွဲအပြီး သုံ့ပန်းလဲရန်သဘောတူခဲ့၍ ကေအိုင်အေသည် ဖမ်းမိခဲ့သော အစိုးရအရာအရှိ ၂ ဦးအား ပြန်လွှတ်ခဲ့သော်လည်း မြန်မာတပ်သည် ကချင်လွတ်မြောက်ရေးတပ်မှ တပ်ကြပ်ချမ်ယိန်းအား ညှဉ်းပန်းသတ်ဖြတ်ပြီး အလောင်းသာပြန်ပေးခဲ့ကြောင်းကေအိုင်အေမှဆို၏။
**ဂျွန် ၁၀။** DVB ။ ။ နအဖ တပ်အား ပူးပေါင်းတိုက်ခိုက်ရန် မန်နယ်စိုးစစ်ဆင်ရေးအမည်ဖြင့် ကေအင်ယူ၊ မကဒတ ABSDF မှရေးသား၏။
**ဂျွန် ၉။** Huffington Post ။ ။ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းသည် အတိုင်းအတာတခုအပေါ်မူတည်၍ အတိုင်းအတာတခုပေးသင့်ပြီး၊ ဘာမှမလုပ်ဘဲ တခုခုပေးခြင်းမပြုလုပ်သင့်ဟု မြန်မာအာဏာရှင်များအပေါ် ဆုပေးဒဏ်ပေးစနစ်လုပ်သင့်သည်ကို ဗြိတိန်ဝန်ကြီးချုပ်ဟောင်း Gordon Brown မှရေးသား၏။

**စာမျက်နှာ ၁၃ သို့**

# နေပြည်တော်မှာ ဗုံးပေါက်ကွဲမှုကြောင့် ဒေသခံများ အထူးစိုးရိမ်နေကြ

**VOA ၊ ဂျွန် ၁၁ ။** ။ မြန်မာအစိုးရရုံးစိုက်တဲ့ နေပြည်တော်က မြို့မ ဈေးမှာ မနေ့ညက ဗုံးပေါက်ကွဲမှုဖြစ်ခဲ့လို့ အနည်းဆုံး လူ ၃ ဦး ထက် မနည်းဒဏ်ရာရသွားသလိုနေပြည်တော်မှာလည်းလုံခြုံရေးတွေပိုတင်း ကြပ်ထားပါတယ်။ ပျဉ်းမနားဒေသကို အစိုးရရုံးစိုက်ရာနေရာအဖြစ် ပြောင်းလိုက်ပြီးတဲ့နောက်ပိုင်း အခုလို ဗုံးပေါက်ကွဲမှုတွေဖြစ်လာတဲ့ အပေါ် ဒေသခံတွေကလည်း စိုးရိမ်မှုကြီးလာပါတယ်။ ဒီသတင်းအ ပြည့်အစုံကိုတော့ မသင်းသီရိက တင်ပြပေးထားပါတယ်။

မနေ့ ဇွန်လ ၁၀ ရက်၊ သောကြာနေ့ည ၉ နာရီ နောက်ပိုင်း နေပြည်တော်က မြို့မဈေးရဲ့ သန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲခဲ့လို့ အ နည်းဆုံး ၃ ဦးထက်မနည်း ဒဏ်ရာရသွားတယ်လို့ဆိုပါတယ်။

"ည ၉ နာရီခွဲလောက်မှာ အများသုံး သန့်စင်ခန်းမှာ ဗုံးပေါက် တာဗျ။ အိမ်သာရဲ့အမိုးပွင့်သွားတာ။ အဲဒီနေရာက ချောင်လည်း တော်တော်ကျတယ်ဗျ။ အဲဒီအတွက် လူကတော့ သိပ်မထိဘူး။ ထိတဲ့ သူတွေကတော့ ကုတင် ၁ ထောင်မှာ တင်ထားတယ်လို့ သိရတယ်ဗျ။ ထိခိုက်ဒဏ်ရာရတာတော့ ၃ ယောက်ပဲ။ အမျိုးသား ၂ ယောက်၊ အမျိုး သမီး ၁ ယောက်ရယ်ပဲ။ အမျိုးသားတယောက်ကတော့ ခေါင်းမှာ အုတ် ခဲတွေကျတဲ့ ဒဏ်ရာတော့ရှိတယ်။ နောက်တယောက်က ခါးတို့ ခြေ ထောက်တို့မှာထိတယ်။ အမျိုးသမီးတယောက်ကလည်း ခေါင်းမှာပဲ အုတ်ခဲတွေ ဘာတွေ ကျလာတာရှိတယ်"

အခုဗုံးပေါက်ကွဲတဲ့မြို့မဈေးဟာ နေပြည်တော်အတွက် အချက် အချာကျတဲ့ ဈေးတခုလည်းဖြစ်ပြီး ညနေပိုင်း ဖွင့်တဲ့ဈေးလည်းဖြစ် ပါတယ်။ အစိုးရရုံးစိုက်ရာ မြို့မို့ ရုံးဆင်းချိန် ဈေးအရောင်းဝယ်နဲ့ စည် ကားသလို ဝန်ထမ်းအိမ်ရာတွေနဲ့လည်း သိပ်မဝေးပါဘူး။ ဒါပေမယ့် ဗုံး ပေါက်ကွဲတာဟာ ည ၉ နာရီ ကျော်မို့ ဈေးကွဲချိန်ဖြစ်နေတဲ့အတွက် ထိ ခိုက်ဒဏ်ရာရမှု သိပ်မရှိခဲ့တာဖြစ်တယ်လို့ ပြောပါတယ်။ နေပြည် တော်မှာတော့ ဒီဗုံးပေါက်ကွဲမှု ဖြစ်ပြီးပြီးချင်း မြို့တွင်း ညှော့စာရင်းစစ် တာ၊ မြို့ဝင်မြို့ထွက်ဂိတ်တွေမှာ စစ်ဆေးမှု ပိုတင်းကြပ်တာ တွေအပြင် နေ ပြည်တော်အတွင်းက လမ်းဘေးတွေမှာ ရဲကားတွေလုံခြုံရေးကား တွေရပ်ပြီး စောင့်ကြည့်စစ်ဆေးတာတွေရှိတယ်လို့ပြောပါတယ်။

"နေပြည်တော်အတွင်းမှာတော့ ကားလမ်းတွေမှာတော့ အတား အဆီးတွေတော့ လုပ်နေတာတွေရှိတယ်။ အဝေးပြေးလမ်းမတွေပေါ် မှာတော့ အစောင့်တွေရှိနေတယ်။ ရဲတွေချထားတာတွေ ရှိနေတယ်။ လမ်းဆုံတွေမှာ အဓိကထားတာများတယ်။ ဈေးကိုတော့ပုံမှန်တော့ ဖွင့်ပေးထားတယ်။ ဒါပေမဲ့အစောင့်အရှောက်တွေတော့တော်တော်များ ရှိတယ်၊သူတို့ကတော့ နေပြည်တော်မှာရှိတဲ့ ဝန်ထမ်းတွေ အဓိကဈေး ဝယ်တဲ့နေရာလို့ပဲပြောရမှာပဲ။ အခုနေရာက နေပြည်တော်အတွင်းမှာ ရှိတဲ့ ရုံးတွေနဲ့လည်း အကုန်လုံးနီးတယ်။ ဒီဈေးက ၈ နာရီလောက် အထိကတော့တော်တော်ကိုစည်တယ်ဗျ။အခုပေါက်တဲ့အချိန်ကတော့ တော်တော်ကို လူကွဲသွားပီလို့ ပြောရမယ်"

နေပြည်တော်မြို့ခံပါ။ အခုဆိုရင် နေပြည်တော်မှာဗုံးပေါက်ကွဲ မှုဖြစ်တာ ဒါဒုတိယအကြိမ်ဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ မေလ ၁၈ရက်နေ့ က လည်း နေပြည်တော် တပ်ကုန်းအနားက ဆင်သေဘူတာအနီးရထား ပေါ်ဗုံးပေါက်ကွဲလို့ အနည်းဆုံး လူ၂ ဦးသေဆုံးပြီး ၉ ဦးထက်မ နည်း ဒဏ်ရာရတာတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီကတည်းကစလို့ နေပြည်တော် နဲ့အနီးနားက မြို့တွေအတွင်း လုံခြုံရေးတွေဟာ အရင်က ထက်ပိုတင်း ကြပ်ထားတာပါ။ အထူးသဖြင့်က အစိုးရရုံးစိုက်ရာနေရာဖြစ်လာပြီးက တည်းက ပစ်မှတ်တခု ဖြစ်လာတယ်ဆိုတဲ့အမြင်တွေနဲ့အတူဒေသခံ တွေက စိုးရိမ်မှုတွေကြီးလာတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"ကျနော်တို့ဒေသဟာ ပစ်မှတ်ဖြစ်လာတယ်ပေါ့ဗျာ။ အရင်တုန်း က မဖြစ်ဘဲနဲ့ အစိုးရရုံးစိုက်တဲ့နေရာ ဖြစ်တဲ့အတွက်ကြောင့် ပစ်မှတ်ဖြစ် လာတာ။ အဲဒါကို ကျနော်တို့က စိုးရိမ်တယ်။ နောက်တခုကတော့ ကျနော်တို့ဒေသက ရှမ်းပြည်နယ်ရော၊ နောက်ပြီးတော့ ပင်လောင်း ဘက်ကထွက်လို့ရှိရင် ပအိုဝ်းနယ် ပေါ့ဗျာ။ အရှေ့တောင်ပိုင်းရောက် သွားလို့ရှိရင်လည်း ကရင်နီနယ်နဲ့စပ်နေပြန်တယ်ဗျ။ ဟိုဘက် မှာကရင် ပေါ့ဗျာ။ အဲဒီတော့ တိုင်းရင်းသားဒေသတွေနဲ့အ ကုန်ဆက်နေတာကိုး။ ကျနော်တို့နဲ့တိုင်းရင်းသားတွေနဲ့ ပဲခူးက နယ်ခံတွေနဲ့ တိုင်းရင်းသား တွေနဲ့ ဆက်ဆံရေးက အင်မတန်နွေးထွေးခဲ့တာဗျ။ ဒီကနေ့ကာလမှာ အစိုးရဘက်က အကြမ်းပတမ်းလုပ်တာတွေများတော့ တန်ပြန်လိုက် တဲ့ကိစ္စတွေ ဖြစ်နိုင်တာပေါ့။ အဲဒီလို တန်ပြန်တာက ကျနော်တို့ဆီမှာ လာပြီးတော့ တလျှောက်လုံး နွေးထွေးစွာနဲ့ ဆက်ဆံလာခဲ့တဲ့ ဆက်ဆံ ရေးကို ထိခိုက်သွားနိုင်တယ်။ အဲဒီလို မဖြစ်စေ ချင်တာပေါ့ဗျာ။ အဲဒါမျိုး ဖြစ်မှာ စိုးရိမ်တာပေါ့"

ပျဉ်းမနားဒေသခံတဦးရဲ့ အမြင်ပါရင်။ နေပြည်တော်ကဆင်သေ ဘူတာအနီးအရောက် ရထားပေါ်မှာ ဗုံးပေါက်ကွဲတာဟာ KNU ကရင် အမျိုးသားအစည်းရုံးအဖွဲ့ရဲ့ လက်ချက်ဖြစ်တယ်လို့ မြန်မာအစိုးရထုတ် သတင်းစာတွေမှာ ဖော်ပြရေးသားခဲ့ပေမယ့် ဒီကိစ္စကို KNU အဖွဲ့က တော့ ငြင်းဆိုထားပါတယ်။

---

**စာမျက်နှာ ၆ မှ**

စာမျက်နှာ ၆ မှ

"ရွှေပြည်သာပညာဒါနမှာ ကလေးအယောက် ၅၀ ကျော်ရှိပါ တယ်။ ကျောင်းကိုဦးဆောင်တဲ့ဆရာမကြီးဒေါ်ငြိမ်းတင်က မူလတန်း ကလေးတွေကို ဖိဖိစီးစီးနဲ့စာသင်ပေးတယ်။

ကျောင်းနေအရွယ်ကလေးတွေကိုတော့ သူကျောင်းအားတဲ့ ရက်မှာ သူခေါ်ပြီးစာသင်ပေးတယ်။ ကျောင်းနေအရွယ် ကလေးတွေကို ကျတော်တို့ဗလာစာအုပ် ၂၅ ဒါဇင်လှူတယ်။ မူလတန်း ကလေးတွေကျ တော့ စုစုပေါင်းဒါဇင် ၂၀ ပေါ့။ နောက်ပြီး ဒီ ဆရာမကြီးကျောင်းမှာ လိုအပ်တဲ့မီးချောင်းတို့ဘာတို့ စသဖြင့် လိုအပ်တာလေးတွေပြင်ဆင် ဖို့အတွက်ကို ၂ သောင်း လှူပေးခဲ့တယ်။

ဒီပညာဒါနအတွက်ကို ကျတော်တို့ ပထမသတ်မှတ်ထားတာ တယောက်ကို ၅ သောင်း၊ နောက် ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသာ း တွေထဲမှာ အရမ်းဆင်းရဲပြီး အတိဒုက္ခရောက်သူတွေ အတွက် ၅ သောင်း သတ်မှတ်ပေမဲ့ ကျောင်းက တော်တော်ချို့တဲ့ပြီး မပြည့်မစုံဖြစ် နေတဲ့အတွက် ကျတော်တို့က တသိန်းဖိုးဆိုပြီးတော့လှူလိုက်တာပါ။"

လှူဒါန်းမှုအစီအစဉ်ကို မနေ့ကနေ့လည် ၁ နာရီကနေ ၃ နာ ရီအထိကျင်းပခဲ့ရာမှာ ရွှေပြည်သာမြို့နယ်စည်းအဖွဲ့ဝင်တွေ ၈၈ အ ရေးအခင်းမှာကျဆုံးသွားတဲ့ ကျောင်းသူမဝင်းမော်ဦးရဲ့မိဘ ၂ ပါးနဲ့ အ ဂ်ါဝတ်ပြုဆုတောင်းအဖွဲ့ဝင်တွေ တက်ရောက်ခဲ့ကြပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဖါတ်ပြားဟောင်းများ ဖွင့်နေဆဲ

နေပြည်အနီး ရထားဗုံးပေါက်ကွဲမှုကို ကရင်တပ်က လုပ်ကြံဖောက်ခွဲခဲ့တယ်လို့ ဦးသိန်းစိန်အစိုးရက စွပ်စွဲလိုက်ပါတယ်။ လူ ၂ ယောက်သေဆုံးပြီး ၉ ယောက်ဒဏ်ရာရခဲ့တဲ့ အဲဒီရထားဗုံးခွဲမှုဟာ နေပြည်အနီးမှာ လွန်ခဲ့တဲ့ မေ ၁၉ ရက်နေ့က ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

ကရင်တပ်ကတော့ သူတို့လက်ချက်မဟုတ်ကြောင်း တုန့်ပြန်ထားပါတယ်။ အာဏာပိုင်များဟာ ဒီလိုဗုံးပေါက်ကွဲမှုတွေဖြစ်ပေါ်တိုင်းနယ်စပ်တလွှားရှိလက်နက်ကိုင် တိုင်းရင်းသားများနဲ့ ကျောင်းသားတပ်မတော်ကို ယခင်ကစွပ်စွဲလေ့ရှိပါတယ်။( AP ,9 June,2011)

## ဗီယက်နန်ဒုဝန်ကြီးချုပ် မြန်မာပြည်ခရီး

ဗီယက်နန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Hoang Trung Hai သည် မြန်မာနိုင်ငံသို့ ဂျွန် ၉ ရက်နေ့မှစပြီး လေးရက်ကြာခရီးသွားရောက်မှာဖြစ်ပါတယ်။ သူနဲ့အတူ ဒုဝန်ကြီး ၈ ယောက်နှင့် အရာရှိအများအပြား၊ အခြားနာမည်ကြီးစီးပွားရေးသမားများအပါအဝင် လူပေါင်း ၁၂၀ ကျော်ဟာလည်း လိုက်ပါသွားမယ်လို့သိရပါတယ်။ ၂၀၁၀ ခုနှစ် ဧပြီလအတွင်း ဝန်ကြီးချုပ် Nguyen Tan Dung မြန်မာနိုင်ငံကို သွားရောက်စဉ် သဘောတူခဲ့သည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကိစ္စ ဆွေးနွေးကြမယ်လို့ဆိုပါတယ်။( VOV ,9 June,2011)

## မြန်မာကျပ်ငွေတန်ဖိုးတက်

အခုရက်ပိုင်းအတွင်း မြန်မာကျပ်ငွေတန်ဖိုးတက်လာတာကြောင့် မြန်မာစီးပွားရေးဦးမောလာဖွယ်ရှိတယ်လို့ သုံးသပ်သူတွေရှိနေပါတယ်။ ယခင်နအဖဗိုလ်ချုပ်သန်းရွှေလက်ထက်က ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားလွန်းလို့ စီးပွားရေးချွတ်ခြုံကျခဲ့လို့ ပြည်သူလူထုစီးပွားရေးကျပ်တည်းပြီး အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရတယ်။ သမတဦးသိန်းစိန်တက်လာမှ မြန်မာကျပ်ငွေတန်ဖိုးသိသိသာသာထိုးတက်သွားတာဟာ သမတသစ်ကြီးသိပ်ကံကောင်းနေပါလားလို့ယူဆသူတွေ ရှိနေပါတယ်။ ယခင် တဒေါ်လာ ကျပ် ၁၀၀၀ ဝန်းကျင်ရှိရာမှယနေ့ပေါက်ဈေးတဒေါ်လာ ကျပ် ၇၇၀ ဖြစ်ပါတယ်။ (VOB ,10 June,2011)

## ထိုင်းဗိုလ်ချုပ်ကြီးရဲ့ ကြပ်ပြေးခရီ

ထိုင်းနိုင်ငံ စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး Songkitti Chakkabart မြန်မာနိုင်ငံကိုသွားရောက်မယ်လို့သိရပါတယ်။ အိမ်နည်းချင်းနှစ်နိုင်ငံစစ်ရေးပူး ပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး ဆွေးနွေးကြမယ်လို့ဆိုပါတယ်။ စနေနေ့မှာထွက်ခွာမယ့် Songkitti ဟာ သူ့ခရီးစဉ်အတွင်း သမတသစ်ဦးသိန်းစိန်ကိုသွားရောက်ဂါရဝပြုမယ်လို့ဆိုပါတယ်။ (Bangkok Post ,8 June,2011)

## ဘန်ကီမွန်း စိတ်မရှည်တော့

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ဦးသိန်းစိန်မှာ အချိန်သိပ်မရှိတော့ကြောင်း ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးပြောဆိုပါတယ်။ ကုလသမဂ္ဂဌာနချုပ်ရှိ မြန်မာမိတ်ဆွေနိုင်ငံခေါင်းဆောင်များနဲ့ ဆွေးနွေးအပြီး အခုလိုပြောဆိုတာဖြစ်ပါတယ်။ သူ့ရဲ့ကိုယ်စားလှယ် Vijay Nambiar မြန်မာနိုင်ငံကအပြန် အစီရင်ခံစာတင်ပြီးနောက် အခုလို သတိပေးပြောဆိုမှုတွေဖြစ်ပေါ်လာတာဖြစ်ပါတယ်။( UN News Centre ,8 June,2011)

## ထားဝယ် ရေနက်ဆိပ်ကမ်း

အနည်းဆုံး ဒေါ်လာ ၄ ဘီလီယံကုန်ကျမယ့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို လာမယ့် ၂၀၁၂ ခုနှစ်မှာ စတင်တော့မယ်လို့ သိရပါတယ်။ ဒီစီမံကိန်းကို အီတလီနှင့် ထိုင်းတို့က ဦးစည်းမတည်ပြီး တည်ဆောက်မယ်လို့ဆိုပါတယ်။ အကယ် ထားဝယ်ရေနက်ဆိပ်ကမ်းအောင်မြင်ပြီးစီးသွားပါက စင်္ကာပူနိုင်ငံရဲ့ စီးပွားရေးကို ဘယ်လိုဂယက်ရိုက်ခတ်နိုင်မလဲဆိုတာကို စိုးရိမ်မှုဖြစ်ပေါ်နေသူတွေလည်းရှိပါတယ်ဒ။ (Reuters ,8 June,2011)

## ကြပ်ပြေးမှာ ဗုံးပေါက်

ပြီးခဲ့တဲ့ သောကြာနေ့ ညပိုင်းက ကြပ်ပြေးနေပြည်တော်က မြို့မဈေးကြီးအတွင်း အိမ်သာထဲမှ ဗုံးပေါက်ကွဲလို့ အနီးပတ်ဝန်းကျင်လူအများ အထိတ်တလန့်ဖြစ်ခဲ့ကြရပါတယ်။ လုံခြုံရေးအထပ်ထပ်ချထားတဲ့ တပ်ချုပ်ကြီးပတ်ဝန်းကျင်မှာ အခုလိုဗုံးပေါက်တာဟာ ဘယ်သူလက်ချက်ဆိုတာ ခန့်မှန်းကြည့်လို့ရပါတယ်။ လက်နက်မပြောနဲ့ လောက်လေးဂွတောင် ကိုင်ခွင့်မရှိတဲ့ လူထုမဖြစ်နိုင်ဘူးဆိုတာသေချာပါတယ်။ (VOB ,11 June,2011)

## နယ်စပ်ကိစ္စ ဆွေးနွေးကြမည်

မိုးဟေးမြို့နယ်အတွင်းနယ်စပ်ခြံစည်းရိုးကာရံရေးနဲ့နှစ်နိုင်ငံနယ်စပ်ကိစ္စဆွေးနွေးဖို့အတက် အိန္ဒိယအစိုးရတာဝန်ရှိသူများနဲ့ မြန်မာအစိုးရတာဝန်ရှိသူများဟာ နောက်တပတ်အတွင်းမှာ တွေ့ဆုံဖို့ရှိပါတယ်။ မိုးဟေးမြို့နဲ့ ကီလိုမီတာ ၅၀ ခန့်အကွာရှိ ကလေးမြို့မှာ တွေ့ဆုံဆွေးနွေးကြမယ်လို့ဆိုပါတယ်။ မြန် မာနိုင်ငံဘက်က ဘယ်သူတွေတက်မယ်ဆိုတာ မသိရသေးပေမယ့် အိန္ဒိယဘက်က ပြည်ထဲရေးဝန်ကြီးအပါဝင် မဏိပူအစိုးရလည်းတက်ရောက်မယ်လို့သိပါတယ်။ (PTI ,10 June,2011)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုး

အနောက်နိုင်ငံတွေရဲ့ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ကြားက မြန်မာနိုင်ငံမှာ ယမန်နှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာဘီလီယံ ၂၀ အထိတိုးလာကြောင်း စီမံဘဏ္ဍာဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ပါတယ်။ တရုတ်နိုင်ငံက ၈.၂၇ ဘီလီယံနဲ့ထိပ်ဆုံးမှာရှိနေပြီး၊ ထိုင်းက ၂.၉၄ ဘီလီယံ၊ ကိုရီးယားက ၂.၆၇ ဘီလီယံအသီးသီးရင်းနှီးမြှုပ်နှံထားပါတယ်။ အများစုဟာ ရေနံ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွေမှာ ရင်းနှီးမြှုပ်နှံကြတာဖြစ်တယ်လို့ သတင်းကဆိုပါတယ်။ (AP ,8 June,2011)

# မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာဈေး ဇောက်ထိုးကျ ဈေးနှုန်းမတည်မငြိမ်ဖြစ်

**VOA ၊ ဂျွန် ၁၀ ။** ။ မြန်မာနိုင်ငံမှာ ဒေါ်လာဈေးကျနေပြီး ဈေးနှုန်းမတည်မငြိမ်ဖြစ်နေတာတွေဟာ နိုင်ငံရဲ့ဗဟိုဘဏ်ထိန်းချုပ်မှုအားနည်းတာကြောင့်ဖြစ်တယ်လို့ စီးပွားရေးပညာရှင် တယောက်က သုံးသပ်ပါတယ်။ ဒီကနေ့မှာလည်း ဒေါ်လာနဲ့ရွှေဈေးတွေ ထပ်ကျသွားသလိုဒီလိုမျိုးဈေးနှုန်းတည်ငြိမ်မှုမရှိတာဟာ နိုင်ငံအတွက် စီးပွားရေးဆိုင်ရာလုပ်ငန်းတွေမှာအောင်မြင်ဖို့ခက်ခဲတယ်လို့လည်းဆိုပါတယ်။ ဒီနေ့ဒေါ်လာဈေးတွေ ဘယ်လောက်ကျသွားသလဲဆိုတာနဲ့ ဘာကြောင့် ဒီလိုအခြေအနေတွေဖြစ်ရတာလဲဆိုတာ မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ ဒေါ်လာနဲ့ရွှေဈေးတွေ ရက်ဆက် ဈေးကျနေပါတယ်။ မနေ့က တဒေါ်လာပေါက်ဈေး ကျပ် ၇၇၀ ကနေ ဒီကနေ့တော့ ၇၅၅ ကျပ်ထိ ဈေးထပ်ကျသွားပါတယ်။ ဒေါ်လာဈေးဟာ ပြီးခဲ့တဲ့အပတ်က ၈၈၀ ကနေ တဖြည်းဖြည်းဈေးပြုတ်ကျလာတာဖြစ်ပါတယ်။ ဒီလိုငွေကြေးဈေးမတည်ငြိမ်မှုတွေက နိုင်ငံတွေမှာကြုံရတတ်ပေမဲ့ ဒီလိုအခြေအနေတွေ ရှိလာပြီဆိုရင်တော့ နိုင်ငံရဲ့ ဗဟိုဘဏ်လိုမျိုးကနေထိန်းညှိပေးတာမျိုးလုပ်ကြပေမဲ့ မြန်မာနိုင်ငံမှာ ဒီလိုထိန်းချုပ်မှုမျိုးအားနည်းတာကြောင့် ဖြစ်တယ်လို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဟောင်း ဦးမော်သန်းက သုံးသပ်ပါတယ်။

"ဒီ ဈေးနှုန်းပြောင်းလဲတာကတော့ အဓိက်အတန့်အားဖြင့်ကတော့ ဘယ်မှာပဲဖြစ်ဖြစ် ဖြစ်နေမှာပဲ။ ဖြစ်နေတဲ့အခါမှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းပေါ့၊ အထူးသဖြင့် ဗဟိုဘဏ်တို့ ဘာတို့ကဝင်ရောက်ပြီး လှည့်ပတ်နေတဲ့ငွေကြေး သိပ်များနေတယ်ဆိုရင် များနေတဲ့ဟာကို ပြန်ပြီးတော့ သိမ်းယူတာမျိုးပေါ့။ ကြားက အာဏာပိုင်အဖွဲ့အစည်းကနေပြီးတော့ ညှိနှိုင်းပေးတာမျိုးရှိတယ်ဆိုရင်တော့ ဈေးနှုန်းအပြောင်းအလဲ လုပ်တဲ့ဟာ သက်သာမယ်။

"တိုင်းပြည်ရဲ့မူဝါဒအရ ဈေးနှုန်းတည်ငြိမ်မှု ရှိဖို့ရာအတွက် ဗဟိုဘဏ်အနေနဲ့လက်နက်ကိရိယာတွေပေါ့၊ လှည့်ပတ်နေတဲ့ ငွေကြေးကများနေတယ်ဆိုရင် ဒီငွေကြေး အသုံးပြုဖို့ရာအတွက် Security ဝယ်မယ်၊ ရွှေတွေကိုဝယ်မယ်၊ ပြီးတော့ အတိုးနှုန်းနဲ့တဆင့် ပြန်ပြီးလုပ်နိုင်တယ်။ မြန်မာနိုင်ငံအနေနဲ့ အဲဒီလိုဟာမျိုး လုပ်တာနည်းလို့သာဒီလိုဖြစ်တာနေမှာပေါ့။"အထူးသဖြင့်ကတော့ ဒေါ်လာဈေးကွက်ထဲမှာဝယ်သူမရှိဘဲ ရောင်းတဲ့သူများနေလို့ဖြစ်တယ်လို့ ရန်ကုန်ဒေါ်လာအရောင်းအဝယ်လုပ်သူတဦးက ပြောပါတယ်။

"၇၅၅ ကျပ်နဲ့ဝယ်ချင်ပေမဲ့ အခုဈေးကွက်က ပိတ်ပါတယ်။ ပြီးတော့ ဆက်တက်လာဖို့လည်း အလားအလာသိပ်မမြင်ကြဘူး။ လုပ်ငန်းထဲက လူတွေက ဈေးဆက်ကျမယ်လို့မှန်းနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်လာတွေချည်းပဲ ဈေးကွက်ထဲ လိုမ့်ဝင်လာတယ်လို့ပြောကြတယ်။ Export Earning များများရှိတဲ့လူတွေ၊ ဥပမာကျောက်မျက်သမားတွေလိုဟာမျိုးပေါ့၊ နိုင်ငံခြားငွေနဲ့ အရောင်းအဝယ်လုပ်တဲ့သူ အတော်များများ နိုင်ငံခြားငွေကိုင်မထားနိုင်တော့ဘဲနဲ့ငွေဖော်ရာရှိတဲ့ အခါမှာ တခြားလည်း ဝင်ငွေ ထပ်မရနိုင်တော့ရှိတဲ့ငွေ တွေထုတ်ရောင်းပြီး ဖော်ကြတယ်လို့ သုံးသပ်ကြပါတယ်၊ ဈေးကွက်ထဲက။

"ဒီမှာ ဈေးကွက်က အဲဒီလိုပဲ၊ သတင်းတခုခုကြားတာနဲ့ လန့်ပြီးကြောက်ရောင်းကြောက်ဝယ်ပေါ့၊ ကျောက်ရောင်းကျောက်ဝယ်မဟုတ်ဘူး၊ ကြောက်ရောင်းကြောက်ဝယ်တွေ လုပ်ကြတာများပါတယ်။"

ဒီလို ဒေါ်လာတွေ ဈေးကွက်ထဲ အများအပြားဝင်လာတာဟာ အစိုးရကနေလုပ်နေတဲ့ ကျောက်မျက်ရတနာရောင်းချပွဲတွေကြောင့်ရော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနည်းငယ်တက်လာတာကြောင့် ဖြစ်တယ်လို့လည်းပြောပါတယ်။ အခုဆိုရင် ဒေါ်လာဈေးသာမက ရွှေဈေးဟာလည်း ဒီတပတ်တွင်းမှာကိုပဲ ၃၀,၀၀၀ ကျော်ကျသွားပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ ဒေါ်လာဈေးကျတဲ့ ဂယက်ကြောင့် ဖြစ်တယ်လို့ ရွှေဆိုင်ပိုင်ရှင်တဦးက ဆိုပါတယ်။

"အရင်တုန်းက ၆၆၀,၀၀၀ ကျော်က အခု ၃၀,၀၀၀ လောက်ပြုတ်ကျတာပေါ့၊ ဒေါ်လာဈေးတင်မဟုတ်ဘူး၊ ဒီမှာက တရုတ်ငွေဈေးလည်း တန်ဖိုးကျသွားတယ်၊ ဒေါ်လာငွေဈေးလည်း တန်ဖိုးကျတယ်။ ရွှေဈေးကတော့ ပြည်တွင်းဈေးကွက်အနေနဲ့ကတော့ ကျနော်တို့ဒီဘက်က အရောင်းအဝယ်လုပ်တဲ့သူတွေကလည်း ကမ္ဘာ့ဈေးကြည့်ပြီးတော့မှ ပြင်ပဒေါ်လာပေါက်ဈေးနဲ့တွက်ပြီးတော့ ငွေဈေးအတက်အကျပေါ်မူတည်ပြီး ကျနော်တို့ဆီမှာလည်း အတက်အကျဖြစ်တာပဲ။"

အခုလို ရွှေဈေးကျပေမဲ့ အရောင်းအဝယ်တွေ မကောင်းဘူးလို့လည်း ရွှေဆိုင်ပိုင်ရှင်တွေကပြောပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံထဲမှာ နိုင်ငံရေး မတည်ငြိမ်မှုတွေရှိလာတယ်ဆိုရင်လည်း ဒီလိုပဲ ဈေးအတက်အကျ အပြောင်းအလဲတွေကလည်း ဖြစ်နေကျပါ။

အခု ဒေါ်လာဈေးတွေကျတာဟာ နိုင်ငံခြားပို့ကုန်လုပ်ငန်း တွေမှာ အကြီးအကျယ်ထိခိုက်နေသလို ပို့ကုန်လုပ်ငန်းတွေနဲ့ ဆက်စပ်နေသမျှလုပ်ငန်းတွေအားလုံးမှာလည်းဒီဂယက်ရိုက်ခတ်နေတာပါ။ ဒါဟာ နိုင်ငံတနိုင်ငံအတွက် ဘယ်လောက်ကောင်းမွန်တဲ့ စီးပွားရေး စီမံကိန်းတွေချထားပါစေ၊ အောင်မြင်ဖို့ မလွယ်ကူနိုင်ဘူးလို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဟောင်း ဦးမော်သန်းက သုံးသပ်ပါတယ်။

"ဈေးနှုန်း အပြောင်းအလဲရှိတော့ စီးပွားရေး လုပ်ငန်းတွေအဖို့ လုပ်ကိုင်တဲ့နေရာမှာ အခက်အခဲတွေ့တာက မုချအမှန်ပါပဲ။ ဈေးနှုန်းက ပြောင်းလဲနေတာဆိုရင် လုပ်ငန်း လုပ်ကိုင်တဲ့အခါမှာ ကြိုတင်ပြီး အစီအမံတွေ ပြုလုပ်ဖို့ရာအတွက် Planning Assumption ခေါ်တာပေါ့လေ၊ အဲဒီဟာ ချမှတ်ဖို့ရာအတွက် တော်တော်ခက်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ရတဲ့အခါမှာ လုပ်ရကိုင်ရခက်ခဲတယ်၊ လုပ်ရကိုင်ရတဲ့အခါမှာ အပြောင်းအလဲတွေနဲ့အမြတ်မ ထိတွေ့ပြီးတော့ အခက်အခဲတွေ့တယ်။ လုပ်ငန်းအောင်မြင်ဖို့ရာအတွက် ခက်ခဲတာတော့ အမှန်ပါပဲ။

"အဲဒီအတိုင်းအတာ အထိကတော့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ သက်ရောက်မှုရှိပါတယ်။ အဲဒီတော့ ပုဂ္ဂလိကပိုင်ကဏ္ဍစီးပွားရေးကဏ္ဍမှာ လုပ်ငန်းလည်ပတ်မှုက နှေးကွေးသွားတယ်၊ နှောင့်နှေးသွားတယ်၊ အလုပ်မဖြစ်တော့ဘူးဆိုရင် တိုင်းပြည်ရဲ့ ဝင်ငွေလည်းမုချထိခိုက်တာပေါ့။ တိုင်းပြည်တွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ ဝင်ငွေပေါ်မှာထိခိုက်ပြီးတော့ တိုင်းပြည်အပေါ်မှာလည်းအများကြီးထိခိုက်ပါတယ်။"

ရန်ကုန် စီးပွားရေးတက္ကသိုလ်ရဲ့ပါမောက္ခချုပ်ဟောင်းဦးမော်သန်းရှင်းပြသွားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံထဲမှာ အခုလို ဒေါ်လာဈေးတွေ ကျနေပေမဲ့ အခြေခံစားကုန်ဈေးတွေကတော့ တဖြည်းဖြည်းဈေးတက်နေတယ်လို့လည်း ပြောပါတယ်။

# ပရဟိတ လူမှုရေးအသင်းအဖွဲ့များကို အာဏာပိုင်များ ချုပ်ချယ်ကန့်သတ်

**RFA ၊ ဂျွန် ၁၁ ။** ။ လူမှုရေးအသင်းအဖွဲ့တွေကိုကန့်သတ်ချုပ်ချယ်တာတွေ လက်ရှိမြန်မာအစိုးရ အာဏာပိုင်တွေက စတင်ဆောင်ရွက်လာနေပြီလို့ သတင်းရရှိပါတယ်။

ပထမဆုံး ကန့်သတ်ခံရတဲ့အသင်းက ပြည်မြို့အခြေစိုက် မိုးမေတ္တာ ပရဟိတ လူငယ်သွေးလှူရှင်အဖွဲ့ ဖြစ်တယ်လို့သိရပါတယ်။ ပြည် ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့ ဖွဲ့စည်းရေးနဲ့ကြီးကြပ်ရေး ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုချက် မရသေးခင်မှာ အဖွဲ့ကို လှုပ်ရှားခွင့် မပြုကြောင်းမနေ့က သက်ဆိုင်ရာက အကြောင်းကြားစာထုတ်ပြီး ပိတ်ပင်တားမြစ်တာပါ။

အဖွဲ့ ဦးဆောင်သူတဦး ဖြစ်တဲ့ ဦးညီညီအောင်က ...

"အသင်းအဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုကြောင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီလိုက်နာဆောင်ရွက်ပါဆိုပြီး အကြောင်းကြားစာရောက်လာတာပါ။ ရောက်လာ တော့ မယကရုံးမှာလည်း ကျနော်တို့မေးခဲ့ပါတယ်။ ဒီစာနဲ့ပတ်သက်လို့ လုပ်ငန်းတွေကို ရပ်ထားရမှာလား၊ ဆက်လက်လုပ်ဆောင်ရမှာလားဆိုတော့ ရပ်ရမယ်ဆိုတဲ့သဘောမျိုးပြောတဲ့အတွက်လက်ရှိသွေးလှူတဲ့ လုပ်ငန်းရော ဆေးခန်းလုပ်ငန်းကိုပါ အလုပ်အမှုဆောင်အဖွဲ့ရဲ့ စည်းဝေးဆုံးဖြတ်ချက်နဲ့ရပ်ဆိုင်းဖို့ ဆုံးဖြတ် ချက် ချခဲ့ပါတယ်"

မိုးမေတ္တာ ပရဟိတ သွေးလှူအဖွဲ့ကို ၂၀၁၀ ဇူလိုင်လက စတင်ဖွဲ့စည်းခဲ့ပြီး ဇန်နဝါရီလက စလို့ သက်ဆိုင်ရာဌာနမှာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် လျှောက်လွှာ တင်ထားခဲ့ပါတယ်။ တပြိုင်နက်တည်းမှာပဲ အဖွဲ့လုပ်ငန်းတွေ ဆက်လက် ဆောင်ရွက်နေသလို ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူဦးဆောင်တဲ့ နာရေးကူညီမှုအသင်းနဲ့ လက်တွဲပြီး ပြည်မြို့တဝိုက် ရေတွင်းတူးပြီး လှူဒါန်းတာ၊ သုခကုသိုလ်ဖြစ်ဆေးခန်း ဌာနခွဲ ဖွင့်ဖို့ ကြိုးပမ်းတာတွေရှိခဲ့ပါတယ်။

မြို့နယ် အုပ်ချုပ်ရေးမှူး လက်မှတ်ထိုးပြီး ဇွန်လ ၁၀ ရက် နေ့စွဲနဲ့ ထွက်လာတဲ့ အဲဒီ တားမြစ်စာထဲမှာ အသင်းဝင်တွေအနေနဲ့ နိုင်ငံရေး ကင်းရှင်းကြောင်း ထောက်ခံစာ ပေးရမယ်ဆိုတဲ့အချက်နဲ့ အသင်းရဲ့ အမှုဆောင်တွေ ပါတီနိုင်ငံရေး ကင်း-မကင်း ဆိုတဲ့အချက် အပါအဝင် စုစုပေါင်း အချက် (၆) ချက် တင်ပြရမယ်လို့ ဖော်ပြထားပါတယ်။

နာရေးကူညီမှုအသင်း မှတ်ပုံတင်သက်တမ်း ထပ်မံတိုးပေးဖို့ တင်ပြထားတဲ့ကိစ္စအပေါ် ဦးကျော်သူက အခုလိုပြောပါတယ်။

"ကျနော်တို့ မေးမြန်းကြည့်တဲ့ အခါကျတော့ အစိုးရအပြောင်းအလဲဖြစ်နေတဲ့အတွက် ဒီဟာတွေ ခဏရပ်ဆိုင်းထားပါတယ်ဆိုပြီး ပြော တယ်။ ကျနော်တို့ မှတ်ပုံတင်အမှတ်က ၁၈၉၇ ပါ။ အဲဒီတော့ ကျနော်တို့ဘက်ကလည်း အခက်အခဲရှိတာ မှတ်ပုံတင်တဲ့ဟာ မကျတဲ့အတွက် အစိုးရဌာနတွေနဲ့ဆက်ဆံတဲ့အခါ မလိုလားအပ်ဘဲ ကြန့်ကြာမှုတွေ တွေ့ကြုံရတယ်"

နာရေးကူညီမှုအသင်းရဲ့ မှတ်ပုံတင်အတွက် ၂ နှစ်တကြိမ်သက်တမ်းတိုးရတယ်လို့ဆိုပါတယ်။ အခုလို မိုးမေတ္တာပရဟိတ သွေးလှူအဖွဲ့ကို တားမြစ်လိုက်ပေမယ့် အစိုးရအာဏာပိုင်တွေနဲ့ နီးစပ်သူတွေ ဖွဲ့စည်းဆောင်ရွက်နေတဲ့အသင်းတွေ မှတ်ပုံတင်မရသေးဘဲဆောင်ရွက်နေတာတွေ ရှိနေတယ်လို့ သိရပါတယ်။

---

**ပြက္ခဒိန်မှ**

**ဂျွန် ၆၊** IRIN ။ ။ ထိုင်းရှိဒုက္ခသည်စခန်း ၁၀ ခန်းအနက် သုံးခုရှိ မြန်မာဒုက္ခသည်များဦးရည်ကိုရေတွက်ရန် ထိုင်းမှသဘောတူလိုက်ခြင်းအားဖြင့် အကူအညီဝေစုမရသေးသူများရရှိမည်ဖြစ်၍ အကူအညီအဖွဲ့များမှ လက်ခံကြိုဆို၏။

**ဂျွန် ၉၊** Vancouver Sun ။ ။ သန်းရွှေနှင့်ယူနီဖေါင်းချွတ် စစ်အုပ်စုဟောင်းသည် ယခင်စစ်အာဏာရှင်များထက်ပင် ယုတ်ရင်းကြမ်းတမ်းအတင့်ရဲကြောင်း Jonathan Manthrope မှသုံးသပ်၏။

**ဂျွန် ၆၊** Irrawaddy ။ ။ စစ်သာများနားနေသည့် ဘုရားသုံးဆူရှိ တပ်မတော်ရေးရာလုံခြုံရေး MAS ရုံးအား မျက်နှာဖုံးစွပ်လူတစုမှ လက်ပစ်ဗုံးစသည်တို့ဖြင့် တိုက်ခိုက်၍ ထောက်လှမ်းရေးအရာရှိတဦး ၉ နှစ်သမီးတဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့ကြောင်း။

**ဂျွန် ၆၊** DVB ။ ။ ဂျွန် ၅ ရက်နေ့တွင် သုံးနေရာခွဲ၍ နိုင်ငံရေးကျဉ်းသားလွတ်မြောက်ရေးဆန္ဒပြရန် စီစဉ်ထားသော်လည်း ခွင့်မရ၍ မကျင်းပဖြစ်ခဲ့ကြောင်း။

**ဂျွန် ၁၀၊** AFP ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အာဏာရှင်စစ်အုပ်ချုပ်ရေးကိုတွန်းလှန်ရေး ဟောကြားချက်များကို ဘီဘီစီအသံလွှင့်အစီအစဉ်မှ နှစ်ကြိမ်ခွဲ၍ ယခုလနှင့် ဂျူလိုင်လ တို့တွင်ထုတ်လွှင့်မည်။

**ဂျွန် ၁၀၊** Nation ။ ။ မြန်မာစစ်အာဏာရှင်များသည် ရုပ်သေးပါလီမန်သုံး၍ဆက်အုပ်ချုပ်နေပြီး စစ်မှန်သောပြောင်းလဲမှုများဖြစ်ရန် ကမ္ဘာ့နိုင်ငံများသည် စည်းရုံး၍ ဖိအားမှုတခုသုံးရန်။

**ဂျွန် ၁၀၊** Irrawaddy ။ ။ မလေးရှားသည် မြန်မာအပါအဝင် တရားမဝင်နယ်ပြောင်းလုပ်သားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး တရားဝင်နေထိုင်ခွင့်ပေးမည်။

**ဂျွန် ၁၀၊** Mizzima ။ ။ ကုလဖွံ့ဖြိုးရေးအစီအစဉ် UNDP စစ်တမ်းအရ မြန်မာတွင် ဆင်းရဲမှု ဖ ရာနှုန်းကျဆင်းခဲ့၏။

**ဂျွန် ၁၀၊** Mizzima ။ ။ ကချင်ပြည်နယ် ဖါးကန့်တွင် ကျောက်စိမ်းတွင်းသစ်တခုတွေ့ရှိခဲ့ကြောင်း။

**ဂျွန် ၈၊** UN News Center ။ ။ မြန်မာပြည်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရေးတွင် ကုလသမဂ္ဂသည် ကူညီရန် သံမိဌာန်ချပြီးကြောင်း။

**ဂျွန် ၉၊** Daily Star ။ ။ ဘင်္ဂလားဒေ့ရှ်ရှိမြန်မာမှ ရိုဟင်ဂျာဒုက္ခသည်များကို အတင်းနှင်မထုတ်သင့်ဟု ထိုမြို့ရှိ အမေရိကန်စင်တာတွင် အမေရိကန်လူဦးရေနှင့် ဒုက္ခသည်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးမှဆို၏။

**ဂျွန် ၉၊** VOV ။ ။ ဗီယက်နမ်ဒုဝန်ကြီးချုပ် Hoang Trung နှင့်အဖွဲ့သည် မြန်မာတွင် ၄ ရက်ခရီးစတင်၏။

**ဂျွန် ၉၊** Irrawaddy ။ ။ မြန်မာသည်အချိန်မရှိကြောင်း၊ နိုင်ငံတိုးတက်ရေးတွင် ဒေါ်အောင်ဆန်းစုကြည်ကိုင်း၊ ဖမ်းထားသောနိုင်ငံရေးအကျဉ်းသားများကိုင်း လွှတ်၍ နိုင်ငံငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတွင် ပါဝင်စေခြင်းပြုရမည်ဟု ဘန်ကီမွန်းမှဆို၏။

**ဂျွန် ၉၊** Irrawaddy ။ ။ ဂျွန် ၁၀ မှစ၍ ပုံနှိပ်ထုတ်ဝေသူများသည် အားကစား၊ ဖျော်ဖြေမှု၊ သိပ္ပံ၊ ကျန်းမာရေးနှင့် ကလေးစာပေတို့တွင် စာပေစိစစ်ရေး၏ခွင့်ပြုမှုကြိုယူရန်မလိုဘဲ တင်းကျပ်သည့်စည်းကမ်းများ လိုက်နာရမည်ဖြစ်ကြောင်း။

---

# ပဲခူးရှိ ဦးထုပ်စက်ရုံအလုပ်သမားဆန္ဒပြမှုနဲ့ တောင်းဆိုမှုတွေကို စက်ရုံအုပ်ချုပ်ရေးက လိုက်လျောပေးခဲ့

**RFA ။ ဂျွန် ၁၀ ။** ။ ပဲခူးမြို့ စွန်ရှိ Cap-One ဦးထုပ်စက်ရုံက အလုပ် သမား ၅၀ ကျော်ဟာ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့ ဇွန်လ ၆ ရက်နေ့က သူတို့ နစ်နာချက်တွေအတွက် အလုပ်မဆင်းပဲ ဆန္ဒပြခဲ့ကြရာမှာတောင်းဆို ချက်တချို့ကို စက်ရုံအုပ်ချုပ်ရေးက ဒီကနေ့ ဇွန်လ ၁၀ ရက်မှာ လိုက် လျောခဲ့တယ်လို့သိရပါတယ်။

အလုပ်သမားတွေရဲ့တောင်းဆိုချက်ကို စက်ရုံအာဏာပိုင်တွေ အပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလုပ်သမားဦးစီးတို့ကပါ ပါဝင် ဖြေရှင်းပေးခဲ့တယ်လို့သိရပါတယ်။ အဲဒီ အလုပ်သမားတွေရဲ့ အလုပ် ခွင်ပဋိပက္ခကို လိုက်လံဆောင်ရွက်ပေးခဲ့တဲ့ ပဲခူးတိုင်း အမျိုးသားဒီမို ကရေစီအင်အားစုပါတီရဲ့ဥက္ကဌ ဦးအောင်မျိုးဝင်းက RFA ကို အခုလို ပြောပါတယ်။

"စက်ရုံကိုပြန်သွားတဲ့အခါကျတော့ အဲဒီမှာ မြို့နယ်အုပ်ချုပ်ရေး တွေပါလာပြီ။ နောက်အလုပ်သမားဦးစီးကပါတယ်။ ကလေး ၅၅ ယောက်ကိုလည်း စက်ရုံထဲပြန်ခေါ်ထည့်ပြီးတော့ သူတို့ ဆွေးနွေးကြ တယ်၊ ညှိနှိုင်းကြတယ်။ အလုပ်သမားဦးစီးကလည်း စက်ရုံဖက်လိုက် ပြီးပြောတယ်၊ မန်နေဂျာဖက်မျက်နှာလိုက်ပြီးပြောတယ်ဆိုတဲ့ဟာမျိုး ကြားရတော့ သိပ်တော့ ကျွန်တော်တို့လည်း ဟိုဟာ မဖြစ်ဖူးပေါ့။ အဲဒီ တော့ Cap One က ရုံးချုပ်က လူကြီးနှစ်ယောက် ရောက်လာတယ်။ နေပြည်တော်က ဒုညွှန်တို့ဘာတို့လည်း ရောက်လာတယ်ပြောတယ်။ အလုပ်သမားဦးစီးဌာနက အဲဒီလို လာရောက်ဖြေရှင်းတဲ့အခါကျတော့ မှ ဒီမှာ ပြေလည်မှုရသွားပြီးတော့ အဲ ဒါတောင်မှ ညနေ ၆ နာရီမှ အ ဖြေကထွက်တယ်။"

အဲဒီအလုပ်သမားတွေက လုပ်ခလစာတိုးပေးရေး အချိန်ပိုကြေး ကို စနစ်တကျတွက်ချက်ပေးရေးနဲ့ ထမင်းစားချိန်ကို အချိန်ပြည့်ပေး ရေးအပြင် အလုပ်ခွင်အတွင်း သောက်ရေသန့်နဲ့ အိမ်သာ သန့်ရှင်းမှုရှိ ရေးတွေကို တောင်းဆိုခဲ့တာပါ။ ဒါ့အပြင် အလုပ်သမားတွေနဲ့ထိပ်တိုက် ပြဿနာဖြစ်ခဲ့တဲ့ အလုပ်သမားခေါင်း ၂ ဦးကိုလည်း အ ရေးယူပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒီတောင်းဆိုချက်တွေထဲက အလုပ်သမားခေါင်း ၂ ဦးကို ရန်ကုန်မြို့ကိုပြောင်းရွှေ့ပေးလိုက်တာအပ အဝင်တခြားတောင်း ဆိုချက်တွေကို အလုပ်သမားတွေနဲ့ညှိနှိုင်းပြီး သဘောတူညီချက်ရယူ ခဲ့တယ် လို့ Cap-One ဦးထုပ်စက်ရုံကမန်နေဂျာ တဦးကသူတို့ ဖက်က ဆောင်ရွက်ချက်ကို အခုလိုရှင်းပြပါတယ်။

"ဟုတ်ကဲ့၊ အားလုံး အေးအေးဆေးဆေး ပုံမှန်အတိုင်း အလုပ် ပြန်ဆင်းနေပါတယ်။ ကျွန်တော်တို့ရန်ကုန်ရုံးခွဲကိုပေါ့နော် သူတို့နဲ့လုံး ဝမမြင်ရတဲ့နေရာတခုကို ကျွန်တော်တို့ပို့ဖို့ကြိုးစားနေပါတယ်။ ကြိုးစား နေတယ်ဆိုတာ ပို့ပြီးသွားပါပြီပို့တာတော့။ သူတို့အနေနဲ့ အဲဒီ အထိ အဲဒီမှာ အလုပ်သွားမဆင်းသေးပါဘူး။ ကျွန်တော်တို့ စက်ရုံမှာလည်း အလုပ်မဆင်းသေးပါဘူးခင်ဗျ။ အားလုံးနီးပါးပါပဲ လိုက်လျောသင့်တဲ့ ဟာတွေမှန်သမျှ လိုက်လျောပေးခဲ့ပါတယ်။"

"အဲဒီအထဲမှာပါတဲ့ အိမ်သာအနံ့ဆိုး ဆိုတာက တခါတလေ လေတိုက်တဲ့အခါကျရင်မိုးတွေဘာတွေရွာတဲ့အခါကျရင်ရေလျှံတာတို့ ဘာတို့ရှိတဲ့အခါကျရင် အနံ့ထွက်တာပေါ့နော်။ အဲဒါတွေလည်း ကျွန် တော်တို့လုပ်နေဆဲပါ။"

"အခုဟာကလစာတိုးတောင်းတာမျိုးကတော့ သူတို့က ဒါကို တိုးတောင်းစရာလည်းမလိုတဲ့အတွက် သူတို့ကလည်းနားလည်ပေး ပါတယ်။ သူတို့ကလည်း တိုးမတောင်းတော့ပါဘူး။ နောက်ပြီးတော့ ရေသန့်ဆိုတဲ့ကိစ္စတွေကလည်း ကျွန်တော်တို့က ရေသန့်တွေက အ ကုန်လုံးလုပ်ပေးထားတာပါ။နဂိုကတည်းက အဆင်သင့် ဖြည့်ပေးထား ပါတယ်။ ဆန်းဒေးကို သူတို့က ကလေးတွေအနေနဲ့ဘယ်လို တွက်သ လဲဆိုတော့ ဆန်းဒေးကိုမပေးဘူး၊ မရဘူးလို့သူတို့တွက်ထားပါတယ်။ ဒါပေမဲ့အားလုံးကို သေသေချာချာပြန်ရှင်းပြတဲ့အခါကျ တွက်ပုံတွက် နည်းတွေကိုပြန်ပြောပြတဲ့အခါ သူတို့ကနားလည်သွားပါတယ်။"

# ကေအိုင်အေနှင့် အစိုးရတိုက်ပွဲဖြစ်

**DVB ။ ဂျွန် ၉ ။** ။ ဒီကနေ့မနက်ပိုင်းကစလို့ ညနေပိုင်းအထိ ကချင်လွတ် လပ်ရေးတပ်မတော်နဲ့ အစိုးရတပ်အကြားတိုက်ပွဲဖြစ်ပွားတယ်လို့ကေအိုင်အို နဲ့နီးစပ်တဲ့ စစ်ရေးအသိုင်းအဝိုင်းက ပြောပါတယ်။

မိုးမောက်မြို့နယ် တပိန်ရေအားလျှပ်စစ်စက်ရုံအနီးမှာ တိုက်ပွဲဖြစ်တာ ဖြစ်ပြီး တပ်မတော်ဗိုလ်ကြီးတဦးကို ကေအိုင်အေက သူ့နယ်မြေအတွင်း ဝင် ရောက်ထောက်လှမ်းတယ်ဆိုတဲ့ သံသယနဲ့ဖမ်းဆီးထားတဲ့အပေါ် ပြန်မပေးလို့ ဖြစ်တာလို့ ဆိုပါတယ်။ ကေအိုင်အို တပ်မဟာ (၃)လက်အောက်ခံတပ်ရင်း(၁၅) နဲ့တပ်မတော် တပ်ရင်းနှစ်ရင်း အပြန်အလှန် ပစ်ခတ်ကြတာဖြစ်ပြီး ညနေငါးနာ ရီလောက်မှာ တိုက်ပွဲအဆုံးသတ်တယ်လို့ တရုတ်–မြန်မာနယ်စပ်အခြေစိုက် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

"မနေ့ညက သူတို့ ထောက်လှမ်းရေးလွှတ်တာ ဗိုလ်ကြီးကိုကိုဝင်းနဲ့ တပ်သားတယောက်ကို ကေအိုင်အေက မိတော့ ဒီသူတို့တွေက ပြန်တောင်း တယ်။ ပြန်လွှဲပေးပေါ့။ ကေအိုင်အေက လွှဲမပေးဘူး။ လွှဲမပေးဘူးဆိုတာ သူက အထက်ကသိရင် အဆူခံရမှာကိုး။ အဲဒီဟာနဲ့ မနက်က ဝင်ပြီးတိုက်တယ်။ တပ်ရင်း ၂ ရင်း လောက်ပေါင်းပြီးတိုက်တယ်။ အဲဒီတော့ သူတို့ မှောက်သွား တယ်။ လူ ၃ ယောက်သေပြီး ၁၁ ယောက်ဒဏ်ရာရတယ်။ ညနေ ၅ နာရီ ၁၅ မှာတော့ အဲဒီမြောက်ပိုင်းမှာမြောက်ပိုင်းတိုင်းနဲ့ ကေအိုင်အေက ကိုယ်စားလှယ် အဖွဲ့တွေ ညှိနှိုင်းပြီးတော့ သူတို့ ဗိုလ်ကြီးကိုကိုဝင်းနဲ့ အဲဒီမိထားတဲ့ကောင် လေးကို ပြန်လွှဲပေးလိုက်တယ်"။

ဒီသတင်းနဲ့ပတ်သက်လို့ နှစ်ဘက်အဖွဲ့အစည်းတွေက သတင်းထုတ် ခြင်းမရှိသေးသလို ဆက်သွယ်မေးမြန်းလို့မရသေးပါဘူး။ ကချင်လွတ်လပ်ရေး အဖွဲ့ဟာ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့ပြီး လွန်ခဲ့တဲ့နှစ်ပိုင်းကအစိုး ရ ဘက်က နယ်ခြားစောင့်တပ်ဖွဲ့ဖို့ တောင်းဆိုချက်ကို လက်မခံဘူးလို့ ငြင်း ဆန်အပြီး နှစ်ဘက်အခြေအနေ တင်းမာနေတာဖြစ်ပါတယ်။

**စာမျက်နှာ ၇ မှ**

ILO အဖွဲ့ချုပ်ကတော့ ၁၉၉၈ ခုနှစ် စုံစမ်းရေးကော်မရှင်က အကြံပြုထားတဲ့အတိုင်း ILO ပဋိညာဉ်စာတမ်းကို အခုထိ မြန်မာနိုင်ငံ မလိုက်နာနိုင်သေးတာအတွက် ဝမ်းနည်းရတယ်လို့ ၄ ရက်နေ့အစည်း အဝေးအပြီး ဆုံးဖြတ်ချက်စာတမ်းမှာ ဖော်ပြထားသလို မြန်မာနိုင်ငံ တွင်း အဓမ္မလုပ်အားခိုင်းစေမှုတွေ ပပျောက်စေဖို့အတွက် ကုလသမဂ္ဂ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းဆောင်ရွက်ဖို့ ထပ်လောင်းတောင်း ဆိုခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူ တွေအနေနဲ့ အဓမ္မလုပ်အားခိုင်းစေတာမျိုး မရှိစေဖို့ အထူးဂရုစိုက်ဖို့ လည်း သတိပေးခဲ့ပါတယ်။

# ရှမ်းရွှေ့ပြောင်းလုပ်သားများကို မြေနေရာများမှ ထိုင်းအာဏာပိုင်ကဖယ်ရှားခိုင်း

**DVB ၊ ဂျွန် ၉ ။** ။ ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်ထဲမှာ တရားမဝင် မြေကွက်ဝယ်ယူပြီး နေထိုင်ခဲ့တဲ့ ရှမ်းရွှေ့ပြောင်းအလုပ်သမားတွေရဲ့နေအိမ်နဲ့ မြေကွက်တွေကိုဖယ်ပေးဖို့ ထိုင်းအာဏာပိုင်တွေက သတိပေးပြောကြားလိုက်ပါတယ်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ မြောက်ဘက် ၂၆ ကီလိုမီတာ အကွာအဝေးမှာရှိတဲ့ နောင်ဖိုင့်ရွာက နေအိမ်တွေကို ၄ လအတွင်း အပြီးဖျက်ပြီး ပြောင်းရွှေ့သွားဖို့ သက်ဆိုင်ရာ ထိုင်းအာဏာပိုင်တွေက ဒီကနေ့မနက်မှာလာပြီး ပြောကြားခဲ့တာပါ။ အဲဒီရွာက မြေကွက်တွေကို တောင်ပေါ်သားလက်မှတ်ကိုင်ဆောင်သူ ရှမ်းရွှေ့ပြောင်းအလုပ်သမားတွေက လွန်ခဲ့တဲ့ ၄ နှစ်လောက်ကတည်းကစပြီး ဝယ်ယူခဲ့ပါတယ်။ အိမ်ရာဆောက် အတည်တကျနေထိုင်နေကာမှဥပဒေနဲ့မညီညွတ်ဘူးဆိုပြီး တရာနီးပါးလောက်ရှိတဲ့ အိမ်ခြေတွေကို ရွှေပြောင်းခိုင်းခဲ့တာဖြစ်ပါတယ်။ အိမ်ဖယ်ပေးရမယ့် ရွာသားတယောက်က အခုလိုပြောပါတယ်။

“သူတို့ပြောတာ ကိုယ့်ဟာ ကိုယ်ဖျက်တဲ့။ မဖျက်ရင် သူတို့လာဖျက်ပေးမယ်။ ကျနော်တို့ကဖျက်ပြီးရင် ဘယ်မှာသွားနေမလဲ ကျနော်တို့က နေတဲ့နေရာမရှိဘူးလို့ ပိုက်ဆံတွေရှုံးသွားတာ အိမ်လာဆောက်တဲ့ အိမ်တွေအကုန်လုံးဆုံးတယ်။ ခန့်မှန်းတသိန်းကျော်လောက်”။

အဓိကပြဿနာကတော့ အလုပ်သမားတွေက ထိုင်းနိုင်ငံရဲ့မြေရာပိုင်ဆိုင်ခြင်း ဥပဒေတွေကို နားမလည်တာဖြစ်ပြီး ထိုင်းနိုင်ငံသားစစ်စစ်မဟုတ်ရင် မြေကွက်ဝယ်ခွင့်မရှိတဲ့အပြင် အဲဒီမြေကွက်တွေထဲမှာမှ ခြံမြေဥယျာဉ်လုပ်ငန်းအတွက် သတ်မှတ်ထားတဲ့မြေဆိုရင် အိမ်ဆောက်ခွင့်မရှိဘူးလို့ ချင်းမိုင်အခြေစိုက်ရွှေ့ပြောင်း အလုပ်သမားပညာပေးအဖွဲ့မက်ဖောင်ဒေးရှင်းက ကိုစိုင်းစွမ်မိုင်းက ပြောပါတယ်။ ငွေလိုချင်တဲ့ ထိုင်းဒေသခံနဲ့ ရွာသူကြီးတွေရဲ့လိမ်ညာရောင်းစားမှုကို ခံရတာလို့လည်း ဆိုပါတယ်။

“တကယ်လို့ ထိုင်းနိုင်ငံသားမဟုတ်ဘူးဆိုရင် ထိုင်းနိုင်ငံရဲ့ ဥပဒေအရပေါ့နော် လုံးဝဝယ်ပိုင်ခွင့်မရှိပါဘူး။ ခြံတွေယာတွေ လုပ်စားလို့ပဲရတယ်။ အိမ်ဆောက်ပြီးတော့ နေလို့မရဘူး။ ပြီးတော့ အလုပ်သမားတွေကလည်း မဝယ်ခင်တုန်းက ဥပဒေပိုင်းဆိုင်ရာပေါ့မသိကြတော့ သူတို့ကလည်းဝယ်ကြတာပေါ့။ ရောင်းတဲ့လူကလည်း ပိုင်ရှင်လို့သဘောပြောရမှာပေါ့။ အဲဒီအထဲမှာ ရွာသူကြီးတွေပြီးတော့ ဥက္ကဋ္ဌတွေအပါအဝင်ပေါ့။ ပွဲစားတွေဘာတွေလည်းရှိသေးတယ်။ အဲဒီပွဲစားတွေကမှ တဆင့်ပြီးတဆင့် တောင်ပေါ်သားကတ်ရှိတဲ့လူတွေကောအလုပ်သမားကတ် ရှိတဲ့လူတွေကောရောင်းပေးမယ်ပေါ့။ တကွက်ကို ၂ သောင်းကနေ ၄ သောင်းအထိ အလုပ်သမားတွေကလည်းသတင်းကြားတော့ ပိုက်ဆံရှိတဲ့လူတွေက ဝယ်ပြီးတော့ အိမ်တွေဘာတွေဆောက်ပြီး နောက်ပိုင်းကျမှ ပြဿနာကဖြစ်လာတာ တိုက်တွေဘာတွေဆောက်ထားတာ ပြီးစီးကုန်ပြီ”။

ထိုင်းအာဏာပိုင်တွေက ဒီမြေကွက်အရောင်းအဝယ်ကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ ရွာလူကြီးတွေကို ခေါ်ယူစစ်မေးနေပါတယ်။ နောင်ဖိုင့်ရွာက အိမ်တွေ ဖယ်ခိုင်းတာဟာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တုန်းက တခါဖယ်ခိုင်းခဲ့ပါသေးတယ်။ အဲဒီတုန်းကတော့ ရွာသားတွေအနေနဲ့ ချက်ချင်းပြောင်းရွှေ့ဖို့ မဖြစ်နိုင်သေးကြောင်း လူမှုဖွံ့ဖြိုးရေးနဲ့လူသားရင်းမြစ်ဆိုင်ရာအဖွဲ့၊ အလုပ်သမားအဖွဲ့တွေက ခေတ္တဆိုင်းငံ့ပေးဖို့ အသနားခံစာတင်ပေးခဲ့တဲ့အတွက် အခုထိနေနေကြတာပါ။ ဒီတခေါက်မှာ ဥပဒေအတိုင်းလိုက်နာဆောင်ရွက်ပါ့မယ်လို့ရွာသားတွေကို အာဏာပိုင်တွေက ကတိဝန်ခံချက်လက်မှတ်ထိုးခိုင်းသွားပါတယ်။

# ဦးထုပ်စက်ရုံဝန်ထမ်းများ ဆန္ဒပြ

**RFA ၊ ဂျွန် ၆ ။** ။ ပဲခူးမြို့ စွန်ရှိ ဟသ်ာကုန်း ကမာနတ် ရွာအနီးရှိ Cap 1 ဦးထုပ်စက်ရုံက အလုပ်သမ ၅၀ ကျော် အလုပ်ခွင်ကနေ ဇွန်လ ၆ ရက် ဒီကနေ့ မနက်ပိုင်းက ဆန္ဒပြတဲ့ပုံစံနဲ့ ထွက်ခွာလာတယ်လို့ စုံစမ်း သိရှိရပါတယ်။

စက်ရုံက ထွက်လာတဲ့ အလုပ်သမစုစုပေါင်း ၅၅ ဦးရှိပြီး အလုပ်ခွင်အတွင်း အလုပ်ကြပ်တွေက မတရားတဲ့ စည်းကမ်းချက်တွေနဲ့ ကန့်သတ်ချုပ်ချယ်တာကြောင့်ဖြစ်တယ်လို့သိရပါတယ်။ အလုပ်သမားတွေက ဒီကိစ္စနဲ့ပတ်သက်ပြီး ပဲခူးမြို့ NDF ပါတီရုံးကို လာရောက်တိုင်တန်းတာဖြစ်ပါတယ်။ ပါတီဥက္ကဋ္ဌဦးအောင်မျိုးဝင်းက ခုလိုပြောပြပါတယ်။

“အဲဒီမှာကလေ အောလ်ဆူပါပေါ့ဗျာ၊ ဇာနည်နိုင်လေ၊ မဇာနည်နိုင်ရယ်၊ နောက် ဆူပါပေါ့ဗျာ၊ သူ့အောက်က မဝတ်မှုန်ဆိုတာ သူတို့နှစ်ယောက်က ကလေးတွေကို ဒီ မတရားတဲ့ စည်းကမ်းတွေ ထုတ်ပြန်ထားတာပေါ့။ အဲဒါ စက်ရုံက စည်းကမ်းဟုတ်မဟုတ်တော့ ကျွန်တော်လည်း အတိအကျတော့ မသိဘူးပေါ့။ အဲဒါ ခုနကလို အလုပ်ထဲမှာ တယောက်နဲ့ တယောက် အလုပ်ကိစ္စ စကားပြောတာတွေကို ပိုက်ဆံဖြတ်တောက်တဲ့ကိစ္စပါတယ်။ နောက် ဒီ ကျန်းမာရေးပေါ့၊ အပေါ့အလေးသွားတဲ့ကိစ္စတွေကို အချိန်ကန့်သတ်ချက် လုပ်ပေးထားတာ။”

ဦးအောင်မျိုးဝင်းရဲ့အဆိုအရ ပြီးခဲ့တဲ့ သောကြာနေ့က အလုပ်သမ ၁၉ ဦးက ဒီကိစ္စကို မိမိကို လာရောက်ပြောဆိုခဲ့တာကြောင့် ပဲခူးမြို့ အလုပ်သမားဦးစီးဌာနကို ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူတွေကညှိနှိုင်းပေးခဲ့ပြီးဖြစ်ပေမဲ့ ဒီကနေ့ စက်ရုံအနေနဲ့ ကတိပေးခဲ့တဲ့အတိုင်း ဆောင်ရွက်ပေးခြင်းမရှိတာကြောင့် အလုပ်သမား ၅၀ ကျော် အလုပ်ခွင်က ထွက်ခွာလာတာ ဖြစ်တယ်လို့ ပြောပြပါတယ်။

# ပြောင်းလဲရေး ဘန်ကီမွန်းတိုက်တွန်း

**DVB ၊ ဂျွန် ၉ ။** ။ အချိန်မဖြုန်းဘဲ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အစိုးရသစ်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက တိုက်တွန်းလိုက်ပါတယ်။ မစ္စတာဘန်ကီမွန်းနဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့ နယူးယောက်မှာရှိတဲ့ ကုလသမဂ္ဂဌာနချုပ်မှာ မနေ့က အစည်းအဝေးလုပ်ပြီး ဘန်ကီမွန်းရဲ့ကြေညာချက် ထွက်လာတာပါ။

သမ္မတသစ် ဦးသိန်းစိန်က အမျိုးသားညီညွတ်ရေး၊ ကျယ်ပြန့်တဲ့ ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ လိုအပ်ပါတယ်လို့ အသိအမှတ်ပြုပြောကြားခဲ့ပေမယ့် တကယ့်နိုင်ငံရေးဆန္ဒ၊ တကယ်လုပ်နိုင်စွမ်းရှိမရှိ၊ သံန္နိဋ္ဌာန်နဲ့ ကတိကဝတ်တွေအတိုင်း လက်တွေ့လုပ်တာတွေကိုတော့ အခုချိန်ထိ မမြင်မတွေ့ရသေးဘူးလို့ ဆိုပါတယ်။ လက်ရှိမြန်မာပြည်ရဲ့ လူ့အခွင့်အရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာတွေဟာ အရင်နှစ်တွေကအတိုင်းပဲ ရှည်ကြာအမြစ်တွယ်နေပြီး အရေးတကြီးဖြေရှင်းဖို့ လိုအပ်နေတယ်လို့ ဆိုပါတယ်။

အရေးအကြီးဆုံးနဲ့ အချိန်မဖြုန်းဘဲလုပ်ရမှာက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်အတွင်းအပြင်က နိုင်ငံရေးအင်အားစုတွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ နိုင်ငံရေးတွေဆွေးနွေးမှုတွေမျိုးကသာ အားလုံးလက်ခံနိုင်တဲ့ အပြောင်းအလဲမျိုးဖြစ်ဖို့ အဓိက သော့ချက်ကျတယ်လို့ ဘန်ကီမွန်းက တိုက်တွန်းထားပါတယ်။ ၂၀၀၇ ခုနှစ်တုန်းက ဖွဲ့စည်းခဲ့တဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအဖွဲ့မှာ အမေရိကန်ပြည်ထောင်စု၊ အီးယူရောပသမဂ္ဂတို့သာမက တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့လို ဒေသတွင်း နိုင်ငံတွေလည်း ပါဝင်ပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်လာရင်ရှုထောင့်ပေါင်းစုံ၊ အမြင်ပေါင်းစုံအောင်ဖွဲ့စည်းထားတဲ့ ဒီ ၁၄ နိုင်ငံပါဝင်တဲ့ အဖွဲ့နဲ့ ဘန်ကီမွန်းတို့ရဲ့ အစည်းအဝေးဟာ မြန်မာပြည်မှာ အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်း ပထမဆုံး ဖြစ်ပါတယ်။

# ပြည်ခိုင်ဖြိုးပါတီမှ တရားစွဲမှုမှာ NDF ပါတီမှ ဒေါက်တာမြဉာဏစိုး အနိုင်ရ

**VOA ၊ ဇွန် ၁၀ ။** ။ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီက အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုးဟာ သူ့အပေါ် ၂၀၁၀ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီမှ တက္ကသိုလ် မြတ်သူက မဲ မသမာမှုနဲ့ စွဲဆိုထားတဲ့ အမှုမှာ အနိုင်ရရှိသွားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၄) မှ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်းဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) (ခေါ်) ဦးကျော်ဇင်ညွန့်က အမျိုးသားဒီမိုကရေစီအင်အားစု NDF က အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏစိုးကို ရွေးကောက်ပွဲ မဲသမာမှုနဲ့ တရားစွဲခဲ့တဲ့ကိစ္စမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တရားရုံးက ဒေါက်တာမြတ်ဉာဏစိုးကို အနိုင်ပေးလိုက်တယ်လို့ သိရှိရပါတယ်။

ဒေါက်တာမြတ်ဉာဏစိုးက ရွေးကောက်ပွဲ ကော်မရှင်က သူ့အမှုကို တရားနည်းလမ်းကျဆုံးဖြတ်ပေးတာ ဖြစ်တယ်လို့ပြောပါတယ်။

"ဒီနေ့ပဲ အမိန့်ချပြီးပါပြီ။ ကျနော့်ကို အနိုင်ပေးပါတယ်။ ဆရာကြီး တက္ကသိုလ်မြတ်သူဖက်က စွပ်စွဲထားတာတွေဟာ တရားနည်းလမ်းမကျဘူး။ တရားမဲ့ပြုကျင့်မှုမမြောက်ဘူး။ အဲဒီအတွက်ကြောင့်မို့လို့ အဲဒီအမှုကို စွဲဆိုထားတာတွေအားလုံးကို ပလပ်လိုက်ပါတယ်။ ပလပ်ပြီးတဲ့အခါကျတော့ ကျနော့်ကို နစ်နာကြေးအဖြစ်ပေါ့နော်။ ငွေငါးသိန်းပေးလျော်စေဆိုပြီးတော့စီရင်တယ်။ တက္ကသိုလ်မြတ်သူက ကျနော့်ကို လျော်ကြေးအနေနဲ့ပေးရမှာပါ။ ကျနော်ကတော့ ဒါတွေဟာပါတီအချင်းချင်းပေါ့နော် နားလည်မှုမှားယွင်းတာရော ဘာရော အဲဒါကြောင့်မို့လို့ ဖြစ်တယ်လို့ယူဆပါတယ်။ အခု ကျနော် နိုင်ငံတော်အတွက် ဥပဒေပြုရေး လုပ်ငန်းတွေဆက်ပြီးတော့ လုပ်နိုင်ပြီ။ နောက် အခုပူးပေါင်းကော်မတီမှာ ကျနော်ပါတယ်ပေါ့နော်။ ဥပဒေပြု ပူးပေါင်းကော်မတီမှာ။ နောက်ပြီးတဲ့အခါ ကျနော် ဒီငါးသိန်းကိုလည်း မယူဘူးခင်ဗျ။ ဆရာကြီးတက္ကသိုလ်ဦးမြတ်သူကိုပဲ ပြန်ပြီး ကန်တော့လိုက်ပါတယ်။ ကျနော့်အတွက် လျော်ကြေးပေးစရာမလိုပါဘူး။ ဒီလိုမျိုး တရားသဖြင့် ဆုံးဖြတ်တာကိုပဲ ကျနော် ကျေနပ်ပါတယ်။"

ဒေါက်တာမြတ်ဉာဏစိုးကို ဦးမြတ်သူက အချက် ၈ ချက်နဲ့တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။ အဲဒီထဲက အချက် ၇ ကတော့ မဲသမာမှုနဲ့ သက်ဆိုင်ပါတယ်။ မဲလိမ်တယ်၊ NDF ပါတီလိုလားတဲ့ မဲရုံတာဝန်ခံတွေက ပြည်သူတွေကို မဲထဲ့ခိုင်းတယ်။ သန်းခေါင်စာရင်း ကိုပြုပြင်ပြီး ပွားထားတယ်။ ကြိုတင်မဲမပေးနိုင်အောင် လုပ်တယ်ဆိုတာတွေ ပါဝင်ပါတယ်။ တကယ်တရားဆိုင်တဲ့အချိန်မှာတော့မဲသမာမှုဆိုင်ရာအချက်တွေကို ပြန်ရုပ်သိမ်းသွားခဲ့ပြီး ယခင်အစိုးရနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအပေါ် ပုတ်ခတ်စည်းရုံးမှု လုပ်ခဲ့တယ်ဆိုတဲ့ အချက်နဲ့စွဲချက်တင်ခဲ့တယ်လို့ ဒေါက်တာမြတ်ဉာဏစိုးကဆိုပါတယ်။

ဒီအမှုကို လွှတ်တော်အစည်းအဝေး မကျင်းပခင်ကတည်းက ရွေးကောက်ပွဲကော်မရှင်တရားရုံးမှာ တိုင်ချက်ဖွင့်ခဲ့ပြီး လွှတ်တော်မစတင်ခင် တကြိမ်စုံစမ်းစစ်ဆေးခဲ့ပါတယ်။ လွှတ်တော်အစည်းအဝေး ကျင်းပပြီးနောက် ဧပြီလနောက်ဆုံးပတ်မှာ ဆက်လက်ကြားနာခဲ့တာဖြစ်ပြီး မေလ ဒုတိယပတ်တုန်းက လမ်းပြကြယ်အဖွဲ့ ခေါင်းဆောင် ရှေ့နေဦးအေးမြင့်၊ အရပ်သား လုပ်ငန်းရှင်တဦးနဲ့ The Voice ဂျာနယ်မှ နိုင်ငံရေးအယ်ဒီတာ ကိုအောင်စိုးတို့က သက်သေထွက်ဆိုခဲ့ပါတယ်။

---

# ကျောင်းနှင့် ဆေးခန်းအတွက်ဆိုပြီး အာဏာပိုင်များက မတရားငွေကောက်

**RFA ၊ ဇွန် ၇ ။** ။ ဧရာဝတီတိုင်း ကျုံပျော်မြို့ရဲ ၅ မိုင်လောက် အကွာမှာရှိတဲ့ ဇရစ်ရိုးကျေးရွာ အုပ်စုမှာ ဆေးပေးခန်းတခု ဆောက်လုပ်ဖို့နဲ့ အလယ်တန်းကျောင်းရံပုံငွေအတွက်ဆိုပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးကနေ ပြီးခဲ့တဲ့နှစ် မိုးရာသီ စပါးစိုက်ပျိုးချိန် ကာလမှာ တောင်သူ လယ်သမားတွေကို ထုတ်ချေးပေးတဲ့ စိုက်ပျိုး စားရိတ်ချေးငွေတွေထဲကနေ အသီးသီးဖြတ်ယူခဲ့တယ်လို့ ဇရစ်ရိုးကျေးရွာမှာနေထိုင်တဲ့ တောင်သူ တစ်ဦးက အာအက်ဖ်အေကို ပြောပါတယ်။

"တစ်ဧကကို နှစ်သောင်းနှုန်းနဲ့ လယ်သမားက ချေးတာကို ကျေးရွာ အုပ်ချုပ်ရေးမှူးက တဧက တထောင်နှုန်း ကောက်ခံတယ်။ ဆေးခန်းဆောက်ဖို့ဆိုပြီးတော့ အကြောင်းပြတယ်။

လယ်သမားတွေက ဧက ၅၀၀ အတွက်ကို တဧက တထောင်နှုန်းနဲ့ပေးလိုက်ကြရတယ်။ နောက်ပြီး ဆေးခန်းဆောက်ဖို့ ဆိုပြီးတော့ပဲ ကံစမ်းမဲ လက်မှတ်စောင်ရေ ငါးထောင်ကို တစောင် ငါးရာနှုန်းနဲ့ မော်တော်ဆိုင်ကယ် ကံစမ်းမဲ ဖောက်မယ်ဆိုပြီးတော့လုပ်တာ အခုအချိန်အထိကို ကံစမ်းမဲလည်း မဖွင့်ဖူး။

အဲ့ဒီ ပိုက်ဆံတွေရတဲ့ဟာတွေလည်း မသိရဘူး။ နောက်တခုကလည်း မူလွန်ကျောင်းက ရံပုံငွေဆိုပြီးတော့ လယ်မြေဧကတွေပေါ်မှာ ကျူးကျော်ပြီးတော့ စိုက်ပျိုးထားတဲ့ လယ်သမားအယောက် ၃၀၀ဆီက နေပြီးတော့ တယောက်ကိုနှစ်ထောင်နှုန်းနဲ့ တခါထပ်ပြီးတော့ကောက်ခံတယ်။"

ဆေးခန်းဆောက်လုပ်ဖို့နဲ့ စာသင်ကျောင်းမှာအသုံးပြုဖို့ဆိုပြီး ငွေကောက်ခံခဲ့တာကတော့ ဇရစ်ရိုးကျေးရွာအုပ်စုအတွင်းက လေဆွဲကျေးရွာ၊ ဒေါင့်အိုင်ကျေးရွာ၊ ဇရစ်ရိုးလေးကျေးရွာ၊ ဇရစ်ရိုးကြီးကျေးရွာနဲ့ ကမ်းနား ဇရစ်ရိုး ကျေးရွာ ငါးရွာမှာ လယ်ယာလုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံတောင်သူ လယ်သမားတွေထံကနေကောက်ခံခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဒေသတွင်း လယ်ယာလုပ်ကိုင်နေကြတဲ့ တောင်သူလယ်သမားအများစုဟာ ၂၀၀၈ ခုနှစ် မေလက တိုက်ခိုက်ခဲ့တဲ့နာဂစ်လေ၊ မုန်တိုင်းဒဏ်ခံခဲ့ရပြီးနောက်ပိုင်း အပြည့်အဝထွန်ယက်စိုက်ပျိုး နိုင်ခဲ့ခြင်းမရှိသလို လယ်ယာမြေတွေထဲ ကြွက်တွေဝင်ရောက် ဖျက်ဆီးခံခဲ့ရမှုတွေကြောင့် စိုက်ပျိုးထားတဲ့စပါးပင်တွေ အတော်များများပျက်စီး ဆုံးရှုံးခဲ့ရမှုတွေ ရှိခဲ့တယ်လို့လည်း ဒေသခံတောင်သူတွေက ပြောပါတယ်။

လယ်တစ်ဧက စိုက်ပျိုး ကုန်ကျစာရိတ်ဟာလည်း မျိုးစပါး ဝယ်ယူရတာ မြေဩဇာ၊ ထွန်ယက်ခတွေနဲ့ ရိတ်သိမ်းခတွေအပါအဝင် ကျပ်တသိန်းလောက် အနည်းဆုံးရှိပြီး စိုက်ပျိုးဘဏ်က ချေးငွေနဲ့မလုံလောက်ကြတဲ့ထဲက ဆေးခန်းနဲ့စာသင်ကျောင်းအတွက် ကောက်ခံတဲ့ငွေတွေ ပေးလိုက်ရပြီး အခုအချိန်ထိ တစုံတရာ ထူးခြားမှုမရှိပဲဖြစ်နေတာကြောင့် ရွာသားများ မကျေမနပ်ဖြစ်နေကြပါတယ်။

# တော်လှန်စစ်

**ယခင် အပတ်အဆက်**

**ခင်မမမျိုး**

လူထုက လှုပ်ရှားပြီးမှခေါင်းဆောင် ပေါ်ထွက်လာတာမဟုတ်ပါဘူး။ ဒါကြောင့် သူပုန်ထပြီး ပုန်ကန်တော်လှန်တဲ့အခါ ခေါင်းဆောင်တွေရဲ့အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

အတွေးအခေါ်နှင့် ယုံကြည်ချက်

နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားကို ဖြိုချဖယ်ရှားနိုင်ရေးကို ဦးတည် ပြီး၊ တော်လှန်စစ်ကို တော်လှန်ရေးသမားတွေက စတင်ရတာဖြစ်ပါတယ်။ ဘယ်အချိန်မှာ ဘယ်နေရာကနေ စတင်တော်လှန်မယ်ဆိုတာကို တော်လှန်ရေးသမားတွေကစီမံချက်တွေ ချမှတ်ပြီး၊ အကောင်အထည်ဖော်ဆောင်ကြပါတယ်။ တော်လှန်စစ် စတင်ချိန်မှာအုပ်ချုပ်ရေးအာဏာကို တရားသောနည်းဖြင့်ဖြစ်စေ၊ မတရားသောနည်းဖြင့်ဖြစ်စေ ရယူထားတဲ့အစိုးရတရပ်မှာ သံတမန်ရေးရာ အသိအမှတ်ပြုမှု၊ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေးနဲ့ တရားစီရင်ရေးအာဏာသုံးရပ်ရှိမှု၊ အုပ်ချုပ်ရေးယန္တရားများကို ထိန်းချုပ်ထားနိုင်မှု၊ စစ်တပ်နဲ့ ရဲကိုအမိန့်ပေးစေခိုင်းနိုင်မှု၊ နိုင်ငံတော်ဘဏ္ဍာများကို ခွဲဝေအသုံးပြုနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးကို ထိန်းချုပ်နိုင်မှု၊ ကုန်ထုတ်လုပ်ရေးကို အသုံးပြုနိုင်မှု၊ သတင်းနဲ့စာနယ်ဇင်းကို ထိန်းကျောင်းအသုံးပြုနိုင်မှုစတဲ့ အားသာချက်တွေ ရှိနေတတ်ပါတယ်။ တော်လှန်ရေးသမားတွေဘက်မှာတော့ ဒီလို သိသာထင်ရှားတဲ့ အားသာချက်တွေမရှိပါဘူး။

သို့ပေမယ့်တော်လှန်ရေးသမားတွေဘက်မှာတော့ဒီလိုသိသာထင်ရှားတဲ့အားသာချက်တွေမရှိပါဘူး။တော်လှန်ရေးအတွေးအခေါ်နဲ့ တော်လှန်ရေးယုံကြည်ချက်ဆိုတဲ့ အားသာချက် နှစ်ရပ်ကိုပဲ တော်လှန်ရေးသမားတွေဘက်က ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် တော်လှန်စစ်မှာ အတွေးအခေါ်တိုက်ပွဲက အလွန်ပဲ အရေးကြီးပါတယ်။အတွေးအခေါ်တွေ ရှုပ်ထွေးဝေဝါးနေရင် တော်လှန်စစ်အောင်နိုင်ဖို့ ခဲယဉ်းတတ်ပါတယ်။ ဒါကို ရန်သူကလဲ တွေ့မြင်ပြီး အတွေးအခေါ်စစ်မျက်နှာကို ထိုးနက်လေ့ရှိပါတယ်။ ဒါကြောင့် တော်လှန်ရေး ခေါင်းဆောင်တွေဟာ အတွေးအခေါ်ရှုပ်ထွေးတဲ့ကာလတွေမှာအင်အားပြိုလဲမှုမဖြစ်အောင် စနစ်တကျစည်းရုံး ထိန်းသိမ်းတတ်ဖို့ လိုအပ်ပါတယ်။

တော်လှန်စစ်မှာ ယုံကြည်ချက်ကလဲ အရေးကြီးပါတယ်။ တော်လှန်ရေး အခြေခံရည်မှန်းချက်တွေအပေါ်မှာ စွဲစွဲမြဲမြဲယုံကြည်ချက်ရှိပါမှ၊ ရည်မှန်းချက်မပြည့်ခင်အချိန်အထိ ယုံကြည်ချက်ကိုခိုင်ခိုင်မာမာ လက်ဆုပ်လက်ကိုင်ထားနိုင်မှာ ဖြစ်ပါတယ်။ တော်လှန်ရေးသမားဆိုတိုင်း၊ တော်လှန်ရေးဖြတ်သန်းမှုရှိတိုင်း ယုံကြည်ချက်ကို ခိုင်ခိုင်မာမာဆုပ်ကိုင်ထားမည့်သူလို့ ဘယ်သူမှ တပ်အပ်သေချာ မပြောနိုင်ပါဘူး။ တော်လှန်ရေးရထားကြီး ဖြတ်သန်းခဲ့တဲ့ ဘူတာ စဉ်တလျှောက်မှာ ရထားပေါ်က ခုန်ချသွားသူတွေရှိသလို၊ ကြားဘူတာတွေကနေမှ တက်လာသူတွေလဲ ရှိနိုင်ပါတယ်။ အဓိကကတော့ ယုံကြည်ချက်ခိုင် မာဖို့ပါပဲ။ တုတ်၊ ဓား၊ သေနတ်တွေကို အားမတန်လို့ ချချင်ချထားရမယ်၊ လက်ခြေတွေကို တုပ်နှောင်ထားလို့ မလှုပ်နိုင်ပဲ ဖြစ်ချင်ဖြစ်မယ်၊ ရင်ထဲက ယုံကြည်ချက်ကို ဆုပ်ကိုင်ထားသရွေ့ ရန်သူကိုမရှုံးသေးပါဘူး။ တော်လှန်စစ်မှာ တော်လှန်ရေးအတွေးအခေါ်နဲ့ ယုံကြည်ချက်ခိုင်မာပြတ်သားသူ ဆယ်ယောက်ဟာ တော်လှန်ရေးကို ပုဂ္ဂလိကအခွင့်အလမ်း၊ ခံစားချက်တွေနဲ့ လုပ်ဆောင်သူ အယောက် တထောင်ထက်ပိုပြီး တန်ဖိုးရှိပါတယ်။

ပြည်သူသာ အခရာ

တော်လှန်စစ်ရဲ့ အရှုံးအနိုင်ကို ပြည်သူလူထုက အဆုံးအဖြတ်ပေးမှာဖြစ်တဲ့အတွက် လူထုစည်းရုံးရေးလုပ်ငန်းစဉ်တွေကို စနစ်တကျအကောင်အထည်ဖော်ဆောင်ဖို့လိုအပ်ပါတယ်။ လူထုကတော်လှန်စစ်ကိုထောက်ခံမှသာ အောင်ပွဲရမှာဖြစ်ပါတယ်။ နိုင်ငံရေးအာဏာကိုလက်တွေ့ကျကျအသုံးချနိုင်ဖို့ လူထုထောက်ခံမှုရှိဖို့ လိုအပ်ပါတယ်။ ပြည်သူ့အာဏာမဖြစ်သရွေ့နိုင်ငံတော်ရဲ့နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဦးတည်ချက်တွေမှာ ပြည်သူလူထုနဲ့အစိုးရ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရေးအာဏာအတွက်တရားမျှတစွာယှဉ်ပြိုင်နိုင်တဲ့ပါတီစုံဒီမိုကရေစီစနစ်ပေါ်ပေါက်ရေးမှာ အနှောင့်အယှက်အတားအဆီးဖြစ်တဲ့အာဏာရှင်စနစ်နဲ့ရွေးကောက်ပွဲအယောင်ပြရွေးရည်စိမ်ဒီမိုကရေစီစနစ်တွေကို တော်လှန်စစ်နဲ့တိုက်ဖျက်ကြတဲ့အခါမှာလူထုထောက်ခံမှုရှိဖို့လိုအပ်ပါတယ်။

လူထုစည်းရုံးရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်တဲ့အခါမှာပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုအကောင်အထည်ဖော်ဆောင်ခြင်းဖြင့် လူထုနဲ့တော်လှန်ရေး တသားတည်းဖြစ်အောင်ပြုလုပ်လေ့ရှိကြပါတယ်။ ဒါကိုသိမြင်တဲ့ အာဏာရှင်အစိုးရတွေကလဲသက်ဆိုင်ရာကဏ္ဍအလိုက် အရပ်ဘက်လူ့အဖွဲ့အစည်းအဖွဲ့တွေ (Civil Society Organizations) တွေ ဖွဲ့စည်းပြီး၊ အာဏာရှင်စနစ်ကိုထောက်ခံသူတွေ များပြားလာအောင် လုပ်ယူလေ့ရှိတတ်ပါတယ်။

ဒါကြောင့်စစ်ရေး၊နိုင်ငံရေး လေ့လာသူများကတော့အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) ဆိုတာကိုလူထုထောက်ခံမှု ရယူရေး စစ်မြေပြင် (battleground for population support) လို့ သတ်မှတ်ထားကြပါတယ်။ တော်လှန်စစ်ရဲ့ ရေခံမြေခံကို Civil Society စစ်မြေပြင်ကနေတဆင့် တည်ဆောက်ယူလို့ရနိုင်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အာရပ်ကမ္ဘာရဲ့ တော်လှန်ရေးဖြစ်ပွားရာ မှာ နိုင်ငံတိုင်းမှာ Civil Society အားကောင်းခြင်းဆိုတဲ့ တော်လှန်စစ် ရေခံမြေခံရှိထားကြောင်း ပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# သဘောထားကွဲလွဲမှုနှင့် လွတ်လပ်မှုအကြောင်း ဒေါ်စု ဘီဘီစီမှ ပြောမည်

**MIZZIMA ၊ ဂျွန် ၁၀ ॥** ॥မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သဘောထားကွဲလွဲမှုနှင့် လွတ်လပ်မှုအကြောင်း ဟောပြောချက်နှစ်ရပ်ကို ဘီဘီစီအင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဇွန်လ ၂၈ ရက်နေ့တွင် ဟောပြောမည်ဖြစ်သည်။

ဘီဘီစီ၏အဆိုအရ ယင်းသည် လွန်ခဲ့သောနှစ်အတွင်း ဖြစ်ပွါးခဲ့သော ကမ္ဘာ့အရေးအခင်းများကို ပေါ်လွင်ထင်ဟပ်စေသည့် "လွတ်လပ်ရေးကို ရယူခြင်း" ဆိုသည့် ပိုမိုကျယ်ပျံ့သော အစီအစဉ်၏အစိတ်အပိုင်းတရပ်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ထုတ်လွှင့်သည့် ရိသ် ဟောပြောချက်များ (Reith Lectures) ၂၀၁၁ ခုနှစ် အစီအစဉ်၏ အစိတ်အပိုင်းတရပ်လည်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ ခုနှစ်နိုဝင်ဘာလတွင် ရန်ကုန်မြို့ရှိနေအိမ် အကျယ်ချုပ်မှလွတ်မြောက်လာခဲ့သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဘီဘီစီပရိသတ်တဦးလည်းဖြစ်သည်။ "ကျမနေအိမ်မှာ အကျယ်ချုပ်ကျနေတုန်းက ကျမကိုစကားပြောနေတာ ဘီဘီစီပါပဲ၊ ဒီတော့ ကျမ လဲနားထောင်နေတာပေါ့" ဟု သူက ဘီဘီစီကို ပြောခဲ့သည်။

သောကြာနေ့က ဘီဘီစီအသံလွှင့်ဌာန၏ ထုတ်ဖော်ပြောဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ ပထမဟောပြောချက်သည် ဒီမိုကရေစီရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်နေရာမှ သူရရှိခဲ့သော အတွေ့အကြုံများကို အခြေခံပြောကြားမည်ဖြစ်ကာ သဘောထားကွဲလွဲမှု အပေါ် သူ၏ အယူအဆနှင့် သဘောပေါက်မှုတို့ကို စူးစမ်းလေ့လာတင်ပြသွားမည်ဖြစ်သည်။

ဒုတိယဟောပြောချက်တွင်မူ ဒီမိုကရေစီအပေါ် အယူအဆ သဘောထား၊ အာဏာရှင်နိုင်ငံများအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ တာဝန်ရှိမှု စသည်တို့ကို မကြာသေးမီကဖြစ်ခဲ့သော အရှေ့အလယ်ပိုင်း အရေးခင်းများကို ရည်ညွှန်းကိုးကား ပြောဆိုမည်ဖြစ်သည်။ အဆိုပါ ဟောပြောချက်များ ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်က ဗြိတိသျှ သူလျှိုအဖွဲ့အစည်း အကြီးအကဲဟောင်းနှင့် စင်မြင့်ပေါ်တွင်အတူရှိနေမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ဖြစ်ခဲ့သော ၉/၁၁ တိုက်ခိုက်မှုကြီး ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ထိုအဖြစ်အပျက်အပေါ် သူမ၏ သီးသန့်အမြင်ရှုထောင့်၊ ကမ္ဘာလုံးဆိုင်ရာ ထိခိုက်သက်ရောက်မှုများ၊ ဂယက်ရိုက်ခတ်မှုများစသည်တို့ကို ဗြိတိသျှသူလျှိုအဖွဲ့အကြီးအကဲ Eliza Manningham-Buller က ဟောပြောမည် ဖြစ်သည်။

လုံခြုံရေးနှင့် ထောက်လှမ်းရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ လွတ်လပ်မှုအပေါ် ခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ချက်များ၊ အဆိုပါ ခြိမ်းခြောက်မှုများကို ပြန်လည် တုံ့ပြန်နိုင်မည့် နည်းလမ်းစသည်တို့ကိုလည်း ထည့်သွင်း ဟောပြောသွားမည်။

အီလိုင်ဇာမက်နင်ဂမ်ဘူးလားသည် ဗြိတိသျှ လုံခြုံရေးအဖွဲ့အစည်းဖြစ်သော MI5 ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၀၂ ခုနှစ်အောက်တိုဘာလမှ ၂၀၀၇ ခုနှစ်ဧပြီလ အနားယူချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ရိသ် ဟောပြောချက်များမှာ သာမန်အားဖြင့် ပရိသတ်ရှေ့တွင် လူကိုယ်တိုင်ဟောပြောရခြင်းဖြစ်သော်လည်း အခု ခြွင်းချက်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောချက်ကိုမူ ယခုအပတ်အတွင်း မြန်မာပြည်သို့ လာရောက်၍ ကြိုတင်ရိုက်ကူးထားမည် ဖြစ်သည်။

အဆိုပါ ရိသ် ဟောပြောချက်များကို "အတွေးအခေါ်ကို လှုံ့ဆော်ပေးခြင်းနှင့် အသိဉာဏ်ကိုဖြည့်ဆည်းပေးခြင်း" တို့အတွက် စီစဉ်တင်ဆက်ခဲ့ခြင်းဖြစ်ပြီး ဘီဘီစီ၏ ပထမဆုံး ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ လော့ဒ်ရိသ်ကို ဂုဏ်ပြုသည့်အနေဖြင့် ထိုသို့အမည်ပေးထားခြင်း ဖြစ်သည်။ ပထမဆုံးဟောပြောမှုများကို ဤအစီအစဉ်မှ ၁၉၄၈ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့သည်။

---

# ဒေါ်လာဈေးကျနေမှု အစိုးရမထိန်းနိုင်

**DVB ၊ ဂျွန် ၉ ॥** ॥ လတ်တလော ပြည်တွင်းမှာ အမေရိကန်ဒေါ်လာဈေးတွေ ထိုးကျနေတာဟာ ဈေးကွက်စိမ်ခေါ်မှုပဲဖြစ်လို့ အစိုးရက ဝင်ထိန်းလိုလည်း မရနိုင်ဘူး၊ ဝင်ထိန်းစရာလည်းမလိုဘူးလို့ ထင်ရှားတဲ့ စီးပွားရေးလုပ်ငန်းရှင် ဇော်ကမ္ဘာဦးခင်ရွှေက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ် ကျောက်မျက်ပွဲက ဒေါ်လာတွေ ဈေးကွက်ထဲဝင် လာတာကြောင့် ဒေါ်လာဈေးကျနေတာလို့လည်း ဆက်ပြောပါတယ်။ ပို့ကုန်သမားတွေ အပါအဝင်လုပ်ငန်းရှင်တွေ တော်တော်များများ ဒေါ်လာဈေးကျတာကြောင့် အရှုံးပေါ်နေတဲ့အပေါ် ဦးခင်ရွှေက စပ်ကူးမပ်ကူးကာလမှာ ဖြစ်တတ်ပါတယ်လို့ ပြောပါတယ်။

"ပို့ကုန်လုပ်ငန်းရှင်တွေ တွက်ထားတာကတော့ ၈၀၀ – ၉၀၀ နဲ့ ပို့တာပေါ့ဗျာ။ ပြန်ရတဲ့အချိန်မှာ ၇၅၀–၈၀၀ ဆိုတော့ မကိုက်ဘူးပေါ့ဗျာ၊ ရှုံးတယ်ပေါ့ဗျာ။ လတ်တလောကတော့ ဖြစ်တတ်ပါတယ်၊ လတ်တလော စပ်ကူးမပ်ကူးကာလမှာ အပွင့်လင်းဆုံးပြောရရင် ရေရှည်သဖြင့်ကတော့ ကောင်းတဲ့လက္ခဏာ၊ နောက်တခါ သူတို့ ပို့မယ် သွင်းမယ်ဆိုလို့ရှိရင် ၇၅၀ ပဲ အခြေခံသွင်းပို့ရင် ဒီပြဿနာတခါမရှိတော့ ပြန်ဘူး။ ပို့ရင်းပို့ရင်းနဲ့ တခါ ၈၀၀ ဈေးပေါက်သွားရင် သူတို့မြတ်သွားပြန်ရော။ အရင့်အရင်ကလည်း ဒီလိုပဲ ၈၀၀ လောက်မှန်းပြီးပို့ကြတယ်။ ပြန်ရောက်လာတဲ့ အချိန်မှာ ၁၀၀၀ ဖြစ်တယ် မြိုးမြိုးမြက်မြက် မြတ်ကြတယ်။ အဲဒီအချိန်မှာ ဘာသံမှ မထွက်လာဘူး၊ အခုက ၉၀၀ လောက်နဲ့ မှန်းပြီးတော့ပို့ကြတယ်၊ ပြီးတော့မှ ၇၅၀– ၈၀၀ ဖြစ်တဲ့အချိန်မှာ ညံကုန်တာပေါ့ဗျာ။ စီးပွားရေးအရက ရှုံးတာနဲ့ မြတ်တာ နှစ်ခုပဲရှိတာကိုး"။

ဒါတောင် ကျောက်မျက်ရောင်းရငွေ ၃၀ ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းလောက်ပဲဝင်လာသေးတာ၊ ရာနှုန်းပြည့်ဝင်လာရင် ဒေါ်လာဈေးက ဒီ့ထက် မကထပ်ကျဖို့ပဲရှိပြီး လောလောဆယ်ဒေါ်လာဈေးတက်ဖို့ မမြင်သေးဘူးလို့လည်း ဆိုပါတယ်။ ဒီနေ့မှာပဲ စီးပွားရေးပညာရှင် ခင်မောင်ညို (ဘောဂဗေဒ)က ဒေါ်လာငွေကျရတဲ့အကြောင်းရင်းတွေကို သူ့ဖေ့စ်ဘွတ်စာမျက်နှာမှာ သုံးသပ်ရေးသားတင်ပြလိုက်ပါတယ်။ ဒေါ်လာတန်ဖိုးကျဆင်းရခြင်းဟာ အကြောင်းတခုတည်းကြောင့်မဖြစ်နိုင်ဘူး၊ အစိုးရလက်ထဲမှာ နိုင်ငံခြား သီးသန့်ရန်ပုံငွေ ဒေါ်လာသန်း ၅၀၀၀ ကျော်ရှိနေတာ၊ နိုင်ငံပိုင်အဆောက်အဦးနှင့် အိမ်ရာမြေများ ရောင်းချခဲ့တာတွေကနေ အစိုးရလက်ထဲကို မြန်မာကျပ်ငွေ အများအပြားဝင်ရောက်သွားတာ၊ ပြီးခဲ့တဲ့နှစ်က ကျောက်မျက်ရောင်းရငွေတွေ စံချိန်တင်ခဲ့တာ၊ လာမယ့်ဇူလိုင်လမှာ လုပ်မယ့် ကျောက်မျက်ပွဲက ထပ်ပြီး စံချိန်ချိုးဦးမယ့် အလားအလာရှိနေတာ စတဲ့အချက်တွေကြောင့်လို့ သုံးသပ်ထားပါတယ်။ ဒေါ်လာဈေးကျတဲ့ဒဏ်ကို တကမ္ဘာလုံး ခံစားနေရတာပါလို့လည်းရေးသားဖော်ပြထားပါတယ်။ ဇွန်လဆန်းကစပြီး ဒေါ်လာဈေး ကျပ် ၈၀၀ အောက်ကျဆင်းခဲ့တာပါ။ မနှစ် ဇွန်လက ကျပ်တထောင်လောက် ပေါက်ဈေးရှိခဲ့ပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံရေးသိပ္ပံသင်တန်း ရက်ရွှေ့ဆိုင်း

**DVB । ဇွန် ၉ ။** ။ ဒီလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ဖွင့်လှစ်ဖို့ ပြင်ဆင်ထားတဲ့ နိုင်ငံရေးသိပ္ပံသင်တန်းကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်သလို အလားတူသင်တန်းမျိုးဖွင့်လှစ်ဖို့ ရှိနေတဲ့ ဗေဒါသင်တန်းကျောင်းက သင်တန်းကတော့ အစီအစဉ်ပျက်သွားတယ်လို့ သိရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ဒီလ ၂၀ ရက်နေ့ကနေ စတင်ပြီး ၂၈ ရက်နေ့အထိ ဖွင့်လှစ်ဖို့ရှိနေတဲ့ နိုင်ငံခြားပညာရှင်တွေ သင်ကြားပို့ချမယ့်နိုင်ငံရေးသိပ္ပံသင်တန်းကိုလာမယ့်ဇူလိုင်လကျမှ ဖွင့်လှစ်နိုင်တော့မယ့်အကြောင်း အဖွဲ့ချုပ်က ဒီကနေ့မှာ ထုတ်ပြန်ကြေညာလိုက်တာပါ။ ဒီလိုထုတ်ပြန်လိုက်တာကို အဖွဲ့ချုပ်ဗဟိုပြန့်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က အခုလိုပြောပြပါတယ်။

“ဒီလ ၂၀ ရက်နေ ၂၈ ရက်အထိ ဖွင့်ဖို့ပြင်ထားတဲ့ Political Scie nce သင်တန်းကို ရှေ့လထဲကို ရက်ရွှေ့လိုက်ကြောင်း ရုံးက ကြေညာချက်ထုတ်တယ်။ အခြေအနေအရ ရက်ရွှေ့လိုက်တယ်တဲ့၊ နောက်ကိုရက်ကို သီးခြားထပ်ပြီးတော့ အကြောင်းကြားမယ်လို့ အဲဒီလိုဖော်ပြထားပါတယ်ဒါပါပဲ”။

ဘာကြောင့် အခုလို ရွှေ့ဆိုင်းလိုက်ရတယ်ဆိုတာကိုလည်း ဦးအုန်းကြိုင်က အခုလို ရှင်းလင်းပြောကြားပါတယ်။

“ကျနော်တို့ ရုံးမှာပဲ လုပ်မှာဆိုတော့ နေရာထိုင်ခင်းကလည်း အခြားအလုပ်တွေကလည်း တောက်လျှောက်ပေ့ါဗျာ အတော်များနေတယ်။ ပြီးတော့ နောက်တခုကကျနော်တို့က တခါပို့ချမယ့်ပညာရှင်တွေကလည်း သူတို့က သက်ဆိုင်ရာ လုပ်ငန်းဌာနအသီးသီးမှာ ပထမကျနော်တို့နဲ့ ကြိုတင်ညှိနှိုင်းပြီးတော့ ထားတဲ့ ရက်တွေမှာ သူတို့က အကြောင်းမညီညွတ်လို့ သူတို့မှာ အလုပ်ကိုင်တွေများနေတယ် ဘာညာဆိုတော့ သူတို့လည်းပဲ မစုံမလင်ပေ့ါဗျာ အဲဒီလိုဖြစ်သွားတယ်။ ကျနော်တို့ ဒီဘက်ကလည်းပေ့ါဗျာ တခြားပြင်ဆင်စရာတွေရှိတယ်။ အဲဒီလုပ်ငန်းတွေလည်းရှိတော့ အဲဒါနဲ့ပဲ အချိန်ရအောင် ဆိုပြီးတော့ ရက်ရွှေ့လိုက်တာပါ”။

နိုင်ငံရေးသိပ္ပံသင်တန်းကို ဟောင်ကောင် စီးတီးတက္ကသိုလ်ရဲ့အာရှနှင့်နိုင်ငံတကာလေ့လာရေးဌာနက တွဲဖက်ပါမောက္ခဒေါက်တာကျော်ရင်လှိုင်က ဦးဆောင်ပြီးသင်ကြားပို့ချမယ့် ဆရာတွေကိုဖိတ်ခေါ်ကာဒီလထဲမှာအဖွဲ့ချုပ်၊ ဗေဒါသင်တန်းကျောင်းနဲ့ Myanmar Egress တို့မှာ ဖွင့်လှစ်ဖိုအစီအစဉ်ရှိနေတာလည်းဖြစ်ပါတယ်။ အဲ့ဒီထဲက ဗေဒါသင်တန်းကျောင်းမှာ ပို့ချမယ့်အစီအစဉ်ကတော့ စီစဉ်သူတွေဘက်ကဖျက်ပစ်လိုက်ပြီး အဖွဲ့ချုပ်က သင်တန်းကိုတော့ ရွှေ့ဆိုင်းထားတာလည်းဖြစ်ပါတယ်။ ဒါပေမယ့် မူလ အစီအစဉ်တွေထဲက Myanmar Egress မှာတော့ ဒီလ ၆ ရက်နေ့က စတင်ပြီး ဖွင့်လှစ်ပို့ချပေးနေပြီဖြစ်ပါတယ်။ ဒီအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့လည်းဗေဒါကျောင်းတာဝန်ခံ ကိုမျိုးရန်နောင်သိန်းက အခုလို ဆိုပါတယ်။

“ဆရာကျော်ရင်လှိုင်က ကျနော့်ကို ပျက်သွားတယ် ဆိုတဲ့အကြောင်းပြောတယ်။ ဖိအားပေးခံရတဲ့ ပုံသဏ္ဍာန်ပြောတယ်။ တိတိပပကြီး တိတိကျကျ ကျနော်တို့ကို ပြောတာမျိုးမရှိဘူး။ ဘယ်အချက်ကြောင့် ဘယ်အချက်ကြောင့် ပြောတာမျိုးမရှိဘူး။ မလုပ်ဖြစ်တော့ဘူးပေ့ါ ရှင်းပြချက်တွေက ဝေဝါးနေတယ်။ ကျနော် ကောက်ချက်ချလို့ရတာကတော့ အဖွဲ့ချုပ်မှာ ပယ်ဖျက်တယ်ဆိုရင်အာဏာပိုင်တွေ ဖိအားမပေးတာသေချာတယ်။ Egress ကနေပြီးတော့ ဗေဒါမှာသင်တာမကြိုက်လို့ သူ့ကို ကန့်ကွက်လို့ ဆရာကျော်ရင်လှိုင်က cancel လုပ်လိုက်ရတယ်၊ ဖျက်သိမ်းလိုက်ရတယ်လို့မှတ်ချက်ချရမှာပေ့ါနော်၊ အကယ်၍ အဖွဲ့ချုပ်မှာ မသင်ဖြစ်တော့လို့ရှိရင်တော့ ဒါအာဏာပိုင်တွေ ဖိအားပေးတာလို့ ကျနော်တို့ ပြောလို့ရတယ်”။

ဒီသင်တန်းတွေကို ဦးဆောင်စီစဉ်ပေးနေတဲ့ ဟောင်ကောင်စီးတီး တက္ကသိုလ်ရဲ့အာရှနှင့် နိုင်ငံတကာလေ့လာရေးဌာနက တွဲဖက်ပါမောက္ခဒေါက်တာကျော်ရင်လှိုင်ဟာ ဂျာမနီအပါဝင် EU ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေရဲ့ ငွေကြေးအကူအညီတွေနဲ့ ထူထောင်ထားတဲ့ Myanmar Egress ရဲ့ ဒါရိုက်တာအဖွဲ့ဝင် တဦးလည်းဖြစ်ပါတယ်။ ဒ့ါအပြင် The Voice ဂျာနယ်နဲ့ Living Colour မဂ္ဂဇင်းတို့ရဲ့အမှုဆောင် အရာရှိချုပ် ဒေါက်တာနေဝင်းမောင်နဲ့လည်း ပုဂ္ဂိုလ်ရေးအရပါ ရင်းနှီးသူတဦးလည်းဖြစ်ပါတယ်။ သူဦးဆောင်ပြီး ပို့ချမယ့်နိုင်ငံရေးသိပ္ပံသင်တန်းတွေမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သက်ဆိုင်တဲ့ ဥပဒေတွေ ဥပဒေကြောင်းဆိုင်ရာ ဆင်ခြင်တွေးခေါ်ပုံများ၊ သုတေသနထုံး၊ အရှေ့တောင်အာရှနိုင်ငံတွေရဲ့နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဆိုင်ရာ သီအိုရီများ၊ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ရဲ့ အခြေခံများစတဲ့ခေါင်းစဉ်တွေ နဲ့ပို့ချသွားမှာဖြစ်ပါတယ်။

---

# ဖားကန့်တွင် ကျောက်စိမ်းကြောတွေ့

**MIZZIMA । ဇွန် ၁၀ ။** ။ ကချင်ပြည်နယ် ဖားကန့်ဒေသတွင် ကျောက်စိမ်းကြောတခု ထပ်မံတွေ့ရှိကြောင်း ထိုဒေသကို သုတေသနလုပ် ကျောက်ကြောရှာဖွေခဲ့သည့် အငြိမ်းစားဘူမိဗေဒပညာရှင် ဦးစိုးသိန်းက ပြောသည်။

ကျောက်စိမ်းကုဋ္ဌေကြောဟု အမည်ပေးထားသည့် ကျောက်ကြောသစ်ကို ၂၀၁၁ ခုနှစ်တွင် ဖေါ်ထုတ်တွေ့ရှိခြင်း ဖြစ်သည်။

“ ကျနော် နိုင်ငံခြားမှာပညာသင်ခဲ့ရတော့ အဲဒီနည်းပညာကိုရတယ်၊ကျနော်ကလည်း ပါမောက္ခဆိုတော့ တချို့ Data တွေကို NASA ကလည်း ယူသုံးလို့ရတယ်။ ယူသုံးပြီးတော့ ကျနော်တွက်တာ Data တွေစုစုပြီးတော့ လုပ်ထားတာ၊ နောက်ဆုံး Digital Image Data တွေနဲ့ High Tech နည်းနဲ့ လုပ်လိုက်တော့၊ အဲဒါကျန်နေသေးတယ်ဆိုတာ အခု ထပ်တွေ့တာ”ဟု ဦးစိုးသိန်းက ပြောသည်။

လွန်ခဲ့သည့် ၁၅ နှစ်ကတည်းက တွေ့ရှိခဲ့သော ရတနာ ကုဋ္ဌေကုဋ္ဌာကြောအနီး တည်ရှိသော်လည်း ယခင်က နည်းပညာ အားနည်းမှုကြောင့် မတွေ့ခဲ့ရခြင်းဖြစ်သည်ဟု သူကပြောသည်။

ယခုတွေ့ရှိသည့် ကျောက်စိမ်းကြော၏ အကျယ်အဝန်းနှင့်ထွက်ရှိနိုင်မည့် ကျောက်စိမ်းတန်ချိန်နှင့် ပတ်သက်ပြီး…

“ တန်ချိန်အနေနဲ့ကတော့ ငါ့ဆရာသမား ကေ ၁၀၀ လျှောက်မလား ၁,၀၀၀ လျှောက်မလား အဲဒီအပေါ်မှာမူတည်တယ်” ဟု ပြောသည်။ “ ကျောက်ရဲ့အရည်အသွေးကိုတော့ ကျနော် အာမ,မခံဘူး။ အကျယ်အဝန်းကတော့ ငါ့ဆရာသမား ဘယ်လောက်လိုချင်သလဲ အဲဒီယူချင်တဲ့အပေါ်မှာကျန်သေးတယ်။ ကေ ၁,၀၀၀ လိုချင်တယ်ဆိုလည်း ၁,၀၀၀ ကျန်သေးတယ်” ဟု ပြောသည်။

အေးရှားဝေါလ်ကုမ္ပဏီက ရတနာကုဋ္ဌေကုဋ္ဌာကြောကိုတူးဖေါ်လျက်ရှိရာ ယမန်နှစ်တနှစ်တွင်းပင် အမြတ်ငွေ ယူရိုသန်း ၅၀ ခန့်ရရှိခဲ့သည်ဟု ယုံကြည်ရသည်။

ရတနာ ကုဋ္ဌေကုဋ္ဌာကြော သုတေသနလုပ် ဖော်ထုတ်ပေးနိုင်ခဲ့သူဦးစိုးသိန်းက “ကျနော် အာမခံခဲ့တုန်းကတော့ (ကျပ်) သိန်းပေါင်း ၇,၀၀၀ မြတ်မယ်လို့ ကျနော် အာမခံခဲ့တယ်” ဟု ပြောသည်။

# ပြည်သူများ လွတ်လပ်သည့် လွတ်လပ်ရေးကို မရရအောင်ယူကြရမည်

**DVB ၊ ဂျွန် ၉ ။** ။ပြည်သူလူထုတွေ လွတ်လပ်တဲ့ လွတ်လပ်ရေးကိုမရရ အောင်ယူကြရမယ်လို့ လွတ်လပ်ရေးတိုက်ပွဲဝင် သခင်နိုင်ငံရေးသမားတွေက တိုက်တွန်းလိုက်ကြပါတယ်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်းမှာရှိတဲ့ သခင်သိန်းဖေရဲ့ နေအိမ်မှာ ဒီနေ့ကျင်းပတဲ့ သခင်သိန်းဖေရဲ့ ၉၅ နှစ်ပြည့်မွေးနေ့မှာ မြန်မာပြည် လွတ်လပ်ရေးသမိုင်းမှာ အစဉ်အလာကြီးတဲ့ ဒို့ဗမာအစည်းအရုံးဝင် သခင်တွေက အခုလိုပြောလိုက်တာပါ။ သခင်သိန်းဖေက ပြောချင်တာကတော့ လူထု လွတ်လပ်တဲ့ လွတ်လပ်ရေးကိုတော့ မရရအောင်ယူကြရမယ် ဒါပါပဲလို့ပြော ပါတယ်။ သခင်သိန်းဖေဟာ သက်ရှိထင်ရှား သခင်နိုင်ငံရေးသမားတွေထဲမှာ အသက်အကြီးဆုံးဖြစ်သလို၊ နိုင်ငံရေးဩဇာကြီးသူလည်းဖြစ်ပါတယ်။ ဒီနေ့ မွေးနေ့အခမ်းအနားကို လုပ်ဖော်ကိုင်ဖက်ဝါရင့် နိုင်ငံရေးသမားတွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ ရွေးကောက်ပွဲဝင်ခဲ့တဲ့ပါတီတချို့ ခေါင်းဆောင်တွေ၊ ၈၈ မျိုးဆက်သစ်လူငယ်တွေ စုံစုံညီညီတက်ရောက်ကြပါ တယ်။ သခင်သိန်းဖေရဲ့မွေးနေ့ပွဲကို ရောက်လာတဲ့ အသက် ၉၃ နှစ်အရွယ် သခင် သိန်းမောင်က ဒုတိယလွတ်လပ်ရေးတိုက်ပွဲဟာ ခက်ခဲကြမ်းတမ်းပေမယ့် ညီညွတ်မှု အင်အားနဲ့ အောင်ပွဲရမှာပါလို့ အခုလို ပြောပါတယ်။

“ဒီတိုင်းပြည်ရဲ့ ဒီအနေအထားက ကိုယ်နိုင်မယ်လို့ပဲ တွက်တယ်ဗျာ။ တိုင်းပြည်ရဲ့ အခုတိုက်ပွဲတွေမှာ စုစုဝေးဝေးညီညီညွတ်ညွတ်နဲ့ တိုက်နေကြတာ ကတကြောင်း၊ ဒီတိုက်ပွဲက ကိုယ်ကနိုင်မယ့် တိုက်ပွဲလို့ အဲဒီလိုပဲ ယူဆပါ တယ်ခင်ဗျ။ ဒီလိုပန်းတိုင်းကို မရောက်မချင်းစုစုဝေးဝေးနဲ့ တိုက်နေကြတာ ကြောင့် ကိုယ်နိုင်မယ့်တိုက်ပွဲနဲ့ တိုက်နေတယ်လို့ပြောတာပါ။ ဟိုတုန်းက တိုက် ပွဲနဲ့ အခုတိုက်ပွဲမှာ အခုတိုက်ပွဲက ပိုပြီးပြင်းထန်ပြီးတော့ ကြမ်းတမ်းတယ်။ ဆိုတော့ ဘယ်လောက်ပဲ ပြင်းပြင်းထန်ထန် ကြမ်းကြမ်းတမ်းတမ်း ဖြစ်စေကာမူ အောင်ပွဲကိုတော့ ရယူနိုင်မှာပါ”။

ဒီနေ့ မွေးနေ့အခမ်းအနားကိုဒေါ်အောင်ဆန်းစုကြည် တက်ရောက်မ လာပေမယ့် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦး အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ခေါင်းဆောင်တော်တော်များများ တက်ရောက်လာခဲ့ကြပါတယ်။

“သခင်ကြီးတွေက သူတို့မှာရှိတဲ့အတွေ့အကြုံနဲ့ ပတ်သက်တာတွေက တော့ သူတို့တွေ့တိုင်း ပြောတာဆိုတာ လုပ်တာကိုင်တာတွေ ရှိနေတော့တက် တက်ကြွကြွပဲဗျ။ သူတို့စိတ်တွေက အခုထက်ထိ အတော်ပြန်ပြီးတော့ ငယ်ပြီး တော့ ဒီနောင်လာနောင်သားတွေနဲ့ပတ်သက်လို့ သူတို့ အတွေ့အကြုံတွေ အမှားတွေပေါ့ဗျာ အမှန်တွေပေါ့ ဘယ်ဟာတွေ လုပ်သင့်တယ်၊ ဘယ်ဟာတွေ မလုပ်သင့်ဘူးဆိုတာတွေတော့ သူတို့မှာ ဖြတ်သန်းလာတဲ့အတွေ့အကြုံတွေ အင်မတန်မှပဲ အဖိုးတန်ခဲ့တာကိုဗျ။ သခင်သိန်းဖေနဲ့တကွ အားလုံးသခင်ကြီး တွေရော အစဉ်အလာရှိတဲ့ နိုင်ငံရေးသမားအားလုံးသက်တော်ရာကျော်ရှည် ကြပါစေလို့ပဲ ကျနော်က ဒီနေ့အထိ ဆုတောင်း နေတာပဲ။ သူတို့ သက်တော် ရာကျော် ရှည်တာနှင့်အမျှ သူတို့ရဲ့ စိတ်ဓာတ် စေတနာတွေနဲ့ အတွေ့အကြုံ တွေက အားလုံးကျနော်တို့ အပေါ်မှာ ပေါင်းစပ်ပြီး သင်ခန်းစာတွေရပါတယ် ခင်ဗျ”။

မွေးနေ့ပွဲ အခမ်းအနားကို တက်ရောက်လာတဲ့ ရခိုင်တိုင်းရင်းသား ခေါင်းဆောင်တယောက်ဖြစ်တဲ့ ဦးအေးသာအောင်က သခင်သိန်းဖေနဲ့ ဝါရင့်သ ခင်တွေရဲ့မြန်မာနိုင်ငံရေးမှာ ပါဝင်နေတဲ့အခန်းကဏ္ဍကို အခုလိုပြောပါတယ်။

“အထူးသဖြင့် အိုမင်းမစွမ်းဆိုတဲ့ စကားရှိပါတယ်၊ အိုလာပြီဆိုရင် မစွမ်း ဆောင်တော့ဘူး၊ ဒါပေမယ့် သခင်သိန်းဖေလို ပုဂ္ဂိုလ်က အိုပေမယ့်လည်းပဲ တက် စွမ်းနိုင်တဲ့ပုဂ္ဂိုလ်တယောက် အဖြစ်နဲ့ ဂုဏ်ယူမဆုံး ဖြစ်ရတဲ့အကြောင်းကိုပြော ကြားလိုပါတယ်”။

ဒို့ဗမာအစည်းအရုံးဝင် သခင်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေး ခေတ်မှာ နယ်ချဲ့။ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှု တိုက်ပွဲတွေမှာ အသက်စွန့်ပါဝင်ခဲ့သလို၊ လွတ်လပ်ရေးရပြီး ဒုတိယလွတ်လပ်ရေ တိုက်ပွဲလို့ ဒေါ်အောင်ဆန်းစုကြည်ရည်ညွှန်းတဲ့ ဒီဘက်ခေတ်မှာလည်း ပြည်တွင်းငြိမ်းချမ်း ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဇွဲကောင်းကောင်းနဲ့ဆောင်ရွက်ခဲ့ နေကြသူတွေဖြစ်ပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်